www.burmeseclassic.com



# အချစ်သည် အူကြောင်ကြောင်နိုင်၏

BURMESE CLASSIC .com

သွန်းနေဝိုး

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## [illegible]

| | | |
|---|---|---|
| ၃။ | ခေတ်ပေါ်အချစ်၊ ခေတ်ပေါ်ကဗျာ | မောင်သာနိုး |
| ၂၆။ | မိတ်ဖွဲ့စာအုပ်ကလေး | |
| ၂၇။ | အမှတ်တရစာအုပ်ကလေး | |
| ၃၉။ | မှူးဘဲပါဝင်တဲ့ လေထန်ဆေးသနေ့ - ပုံပြင် | ပိုင်စိုးကိုကို |
| ၄၀။ | မှူးဘဲပါဝင်တဲ့ ပျားရည်သစ်ပင် - ပုံပြင် | ပိုင်စိုးကိုကို |
| ၄၁။ | မွှေးကြိုင်လှတဲ့ လူ့မှတ်တမ်းများ | ဟိန်းနန္ဒဝင် |
| ၄၂။ | ဟီတောပဒေသကျမ်းလာ ဘဝလမ်းညွှန်နီတိများ | ဟိန်းနန္ဒဝင် |
| ၄၃။ | ကျွန်တော်နှင့် ဗေဒင်ကဇာသည် | တာရာမင်းဝေ |
| ၅၁။ | ရည်းစားထားနည်း | ပိုင်စိုးကိုကို |
| ၅၄။ | ပညာရှင်အဆင့် အင်္ဂလိပ်သဒ္ဒါ | ဆရာ ဟင်နရီ |
| ၅၇။ | ရည်းစားစကား (၂) | သွန်းနေမိုး |
| ၅၉။ | လက်တွေ့ဗေဒင် | ဆရာ သင်တိုင်ညို |
| ၆၀။ | တစ်သက်တာမှတ်စရာ မုဒ္ဒစကားဒေသနာ | ဟိန်းနန္ဒဝင် |
| ၆၁။ | ရှုကြည့်စကား | နေသူညွန့် |
| ၆၃။ | ရယ်စရာကောင်းတဲ့အချစ် | သွန်းနေမိုး |
| ၆၆။ | အနုတ္တရဗေဒင် | ဆရာ သင်တိုင်ညို |
| ၆၇။ | ကျောင်းမှာရေးဖို့ မိုင်ယာရီ | |
| ၆၈။ | ရည်းစားထားနည်း (၂) | ပိုင်စိုးကိုကို |
| ၆၉။ | တွယ်တာသူဇော | သွန်းနေမိုး |
| ၇၀။ | *Bio* ပုံဆွဲနည်း | ဆရာ [illegible] |
| ၇၁။ | ကိုမ်းဆ်ဘွန်းအသေနများ | နေသူညွန့် |
| ၇၂။ | သက်တံ့ခူးတဲ့ ညနေကြယ် | သွန်းနေမိုး |
| ၇၃။ | အောက်စဖို့တက္ကသိုလ် အဆင့်မြင့်အင်္ဂလိပ်သဒ္ဒါ | ဆရာ ဟင်နရီ |
| ၇၄။ | ကလေးတွေပြောတဲ့ ရယ်စရာများ | ပိုင်စိုးကိုကို |
| ၇၅။ | ကမ္ဘာကြီးတောင်ပြားသွားမယ် | သွန်းနေမိုး |
| ၇၆။ | သူ့စိမ်း | သွန်းနေမိုး |
| ၇၇။ | ရှေးပညာရှိစကား | ဟိန်းနန္ဒဝင် |
| ၇၈။ | ချစ်သူ့ဂုဏ်ထားတဲ့အိပ်မက် - နှုကြိုမ် | သွန်းနေမိုး |
| ၇၉။ | မေမေ့အကြောင်း | သွန်းနေမိုး |
| ၈၀။ | လူတော်လုပ်နည်း | နေသူညွန့် |
| ၈၁။ | သစ်ရွက်ကဗျာ | သွန်းနေမိုး |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နတ်သမီးစာအုပ်တိုက်

ရဲ့

# အစီအစဉ် (၈၂)

နတ်သမီးစာအုပ်တိုက်
ဖုန်း - ၃၈၈၀၄၅
အမှတ် (၂၉၁)၊ လမ်း (၄၀) (အထက်)
ကျောက်တံတားမြို့နယ်

www.burmeseclassic.com

ပထမအကြိမ် ပုံနှိပ်ခြင်း (၂၀၀၆ နိုဝင်ဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [ ၅၀၀ ၃၁၀ ၀၆၁၀ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ] တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ ၆၅၇) နတ်သမီးစာပေ
အမှတ် (၁၆၄)၊ အခန်း (၂၆)၊ ဆူးလေဘုရားလမ်း ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးအောင်မြင့်ဝင်း (၀၆၈၂၁)
ကာလာဖုံပုံနှိပ်တိုက် (၁၀၄/၁၈)၊ ၃၁-လမ်း ရန်ကုန်တွင် ပုံနှိပ်သည်။

[redacted]

## ညွှန့်ဝေနိုး၏ ထုတ်ဝေပြီးစာအုပ်များ

၁။ ကတ္တီပါလွှမ်းချင်း [ အခြားစာရေးဆရာများနှင့် ပူးတွဲ ]

၂။ ကြယ်ကြွေကောင်းကင်ရဲ့ မယ်လိုဒီ [ အခြားစာရေးဆရာများနှင့်ပူးတွဲ ]

၃။ ရွှေရောင်မမရဲ့ ပုံတူ [ အခြားစာရေးဆရာများနှင့် ပူးတွဲ ]

၄။ ခေတ်ပေါ်ငါးယောက် [ အခြားစာရေးဆရာများနှင့် ပူးတွဲ ]

၅။ ချစ်သူ့ဂုဏ်ထားတဲ့ ဒိုင်ယာရီ

၆။ ရည်းစားစကား [ အချစ်ကဗျာစာအုပ် ]

၇။ ရည်းစားစကား (၂) [ အချစ်ကဗျာစာအုပ် ]

၈။ ကြယ်ကိုးစင်နဲ့ လင်းတဲ့ကောင်းကင် [ အခြားစာရေးဆရာများနှင့် ပူးတွဲ ]

၉။ ရယ်ရောကောင်းတဲ့အချစ်

၁၀။ တွယ်တာသူ့ဆေး [ စကားပြေများ ]

၁၁။ ကျိုးပဲ့မယ်လိုဒီအစနှင့် သုမဏ်နှုတ်ပျိုးသဝဉ်အဆုံး [ အခြားစာရေးဆရာများနှင့် ပူးတွဲ ]

၁၂။ သက်တန့်နားတဲ့ ညနေကြယ် [ ဝတ္ထုလတ်များ ]

၁၃။ ကမ္ဘာကြီးတောင် ပြာသွားမယ်

၁၄။ သုစိမ်း [ ဝတ္ထုလတ် ၂ ပုဒ် ]

၁၅။ ဝေနေ့အကြောင်း

၁၆။ သစ်ရွက်ကဗျာ [ တက်လမ်းအာနန်စဉ်+တက်ညွှန်း+ဝတ္ထု ]

www.burmeseclassic.com

ကျွန်တော့် ဇီဝတ္တုရဲ့တစ်စိတ်တစ်ပိုင်းကို
လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က
ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က
"တစ်ယောက်တစ်ခြမ်း" ဆိုတဲ့ နာမည်နဲ့
မင်းမော်ကွန်း၊ မင်းအုပ်စိုး၊
မြသဇ္ဈာလီ၊ နဝရတ်၊ ကြည်လဲ့လဲ့ဦး
တို့နဲ့ ဗီဒီယို ရိုက်ခဲ့ဖူးပါတယ်။



# အချစ်သည် ရကြောင်ကြောင်နိုင်ပေ

သွန်းနေစိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးနှစ်ယောက်နဲ့

ကောင်မလေးနှစ်ယောက်

အချစ်နဲ့ ဆုံဆည်းလိုက်တဲ့အခါ. . .

ညနေခင်းသည် လူတွေကို စာသင်ဆောင်များထဲမှ တက္ကသိုလ်၏ လမ်းမများထက်ဆီသို့ သွန်ချလိုက်၏။ လမ်းတို့တိုင်းတွင် လှုပ်ရှားသွားလာ နေကြသော သူများကို မြင်လာရသည်။ လမ်းတစ်လမ်းထက်တွင် ရှိနေသော လူအုပ်ထဲ၌ ညီခနှင့် သူရတို့လည်း ပါဝင်ပါသည်။

သို့သော် သူတို့က လှုပ်ရှားမနေ၊ ငြိမ်ငြိမ်သက်သက် ရှိနေကြ၏။

သူတို့ စောင့်ဆိုင်းနေကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အတိအကျ ပြောရပါလျှင် ဒီနေရာ၌ သူတို့ စောင့်ဆိုင်းနေသည်မှာ ညနေမတိုင်မီ အတော် စောစောကတည်းက ဖြစ်သည်။

"သူတို့ ဒီလမ်းက လာမယ်ဆိုတာတော့ သေချာပါတယ်နော်... သူရ"

"အေး... သေချာပါတယ်ကွ၊ နေ့တိုင်း ဒီလမ်းကပဲ သူတို့ ပြန်နေကျပါ"

သူရက လမ်းမဘက်ဆီ မျှော်ကြည့်နေရာမှ သူ့အမေးကို ပြန်လှည့်မကြည့်ပဲနှင့် ဖြေသည်။ နောက်ထပ် လူတော်တော်များများ သူတို့ရှေ့မှ ဖြတ်သွားကြပြန်၏။

ခပ်သုတ်သုတ် သွားနေသည့် အမျိုးသမီး တစ်ယောက်လက်တွင် ပါသွားသည့် ကလေးလေးကို သူ လိုက်ကြည့်မိ၏။ ကောင်ကလေးက သူ့ကို မျက်စိတစ်ဘက်မှိတ်၊ လျှာထုတ်ရင်း ပြောင်ပြသွားသည်။ သူ ပြန်ပြောင်ပြလိုက်သည့်အခါ ကောင်လေးက ခိုးခိုး ခစ်ခစ် ရယ်မောသွား၏။



"ဘာတွေ သဘောကျနေတာလဲကွ၊ ညီခ"

သူရက သူ့ဘက် လှည့်လာသည်။

"ဘာမှ မဟုတ်ပါဘူးကွာ... ဒါနဲ့ သူတို့ ဒီနေ့ နောက်ကျတယ်နဲ့ တူတယ်နော်"

"ဟုတ်တယ် ကြည့်ရတာ ဒီနေ့ ပရက်တီကယ်ချိန် ရှိတယ်နဲ့ တူတယ်ကွ၊ ဒီအတိုင်းဆိုရင် ကျောင်းကနေ နည်းနည်း နောက်ကျပြီးမှ ပြန်ကြလိမ့်မယ်"

ညီခ လက်ထဲမှ နာရီကို ငုံ့ကြည့်လိုက်၏။ ကျောင်းဆင်းချိန်တော့ ရောက်နေလေပြီ။ သူတို့ သိပ်မကြာခင်မှာတော့ ရောက်လာကြလိမ့်မည်ဟု ထင်၏။

"အဲဒီကောင်မလေးတွေနဲ့ မင်း တွေ့တျင်ကြာပြီလား" ဟု

"ဟင့်အင်း၊ တစ်ပတ်လောက်ပဲ ရှိဦးမယ်ကွ"

"ဒါတောင် မင်း သူတို့အကြောင်းတော့တော်တော် သိထားပြီနော်"

"ဒါကတော့ ပါရမီလေကွာ၊ နောက်ပြီး အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေကလည်း တကယ်ပဲ စိတ်ဝင်စားစရာကောင်းတယ်ကွ၊ အပြတ်မိုက်တယ်"

လွန်ခဲ့သည့် နှစ်ရက်လောက်က သူရက ပြောလာခဲ့သည်။ အရမ်းလှသော ကောင်မလေးနှစ်ယောက်ကို သူ တွေ့ထားသည်တဲ့။

ညီခနဲ့ သူနဲ့က ဟိုး ခပ်ငယ်ငယ် အထက်တန်းကျောင်းသား ဘဝထဲမှာကတည်းက တတွဲတွဲနေခဲ့ကြသူများ ဖြစ်သည်။ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် ဘာပဲလုပ်လုပ် အမြဲတမ်း အတူတူ။

အခုလို တက္ကသိုလ် ရောက်စမှာ ရည်းစားထားမည့်ကိစ္စကျတော့လည်း သူရက သူလိုက်မယ့်ကောင်မလေး၏ သူငယ်ချင်းကို ညီခပါ လိုက်ရန်အဖော်ဆွယ်နေပြန်၏။ ညီခကလည်း ဒါမျိုးတော့ဘယ်ငြင်းလိမ့်မလဲ။

"မင်းလိုက်မယ်ဆိုတဲ့ ကောင်မလေးကရော မင်းနဲ့တော်တော် အဆင်ပြေနေပြီလား"

"ဟေ့အေးလေကွာ၊ အခုမှ တွေ့တာ တစ်ပတ်ပဲ



ရှိသေးတာပဲ၊ ငါ သေသေချာချာတောင် မလိုက်ရသေးဘူး"

သူရက ပြန်သာပြောနေသော်လည်း အကြည့်တို့က လမ်းဘက်စောင်ကြည့်နေရာမှ မခွာ။ ဒီကောင်ဒီလောက် အသဲအမဲ ဖြစ်နေပုံထောက်တော့ ကောင်မလေးတွေက တော်တော် ထူးထူးခြားခြား လှဟန်တူ၏။

"ဒါဆို မင်းရွေးထားတဲ့ တစ်ယောက်ကတော့ပိုချောမှာပေါ့၊ ဟုတ်တယ် မဟုတ်လား၊ သိပ်မလှတဲ့ တစ်ယောက်က ငါ့အတွက်ပေါ့၊ အဲဒီလိုလား"

"ဟေ့ကောင်... မင်း ငါ့စေတနာကို အထင်မမှားနဲ့၊ အမှန်အတိုင်း ပြောရရင် ငါက ခုထက်ထိဘယ်တစ်ယောက် လိုက်ရမှန်း သိပ်ဝေခွဲရချင်သေးတာ မဟုတ်ဘူး၊ နှစ်ကိုယ်သာ ခွဲလိုက်လို့ရရင် နှစ်ယောက် နှစ်ယောက်လုံး လိုက်ပစ်တယ်သိလား၊ ငါက နှစ်ယောက်လုံးကို ကြိုက်ချင်နေတာ၊ မကျေနပ်ရင် ဒီပွဲကို မင်း မပါနဲ့တော့၊ ငါပဲတစ်ပြိုင်တည်း ငါးရံ့နှစ်ကောင် ဖမ်းတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား နောက်တာပါကွာ၊ မင်းကလည်း ဒေါသချည်းပဲ"

ညီခက ရယ်ရင်း သူရ ပုခုံးကို လှမ်းပုတ်လိုက်သည်။ သူရက ရှုတည်တည်မျက်နှာထားဖြင့် ပြောပြန်၏။

"တကယ်ပြောတာကွ၊ နှစ်ယောက်လုံး တော်တော်လှတဲ့ ကောင်မလေးတွေကွာ၊ ငါက ငါနဲ့ ပိုအဆင်ပြေမယ်ထင်တဲ့ တစ်ယောက်ကို ရွေးပြီး ကျန်တာကို မင်းအတွက် သတင်းပေးတာ ဟော့ကောင် တစ်လွဲ လျှောက်မထင်နဲ့"

"အေးပါကွာ၊ ငါမှားပါတယ်... ဒါပေမယ့် မင်းရဲ့ နတ်မိမယ်လေးတွေက ကြာလိုက်တာကွာ၊ ငါ့မှာ ခြေထောက်ကို ညောင်းရောပဲ"

ညီခ စကားကြောင့် သူရလည်း ငုံ့၍ နာရီကို ကြည့်ပြန်၏။ အခုဆိုလျှင် ကျောင်းဆင်းချိန်တောင် နည်းနည်း လွန်ခဲ့ပြီ ဖြစ်သည်။ သူ့ကို မျက်စိရှေ့မှပင် ကျောင်းသား ကျောင်းသူ အတော်များများ ဖြတ်သန်း



သွားပြီး ကြလေပြီ။

"အေးကွာ၊ ဒီနေ့မှ ဘာဖြစ်လို့ နောက်ကျနေရလဲ မသိဘူး"

"သူတို့ ဒီနေ့ ကျောင်းလာတာရော သေချာရဲ့လား"

"သေချာပါတယ်ကွ၊ မနက်တုန်းကတောင် ငါ ကန်တင်းမှာ တစ်ယောက်ကို တွေ့လိုက်ပါသေးတယ်"

"ဒါဆို ကျန်တဲ့ တစ်ယောက်က ကျောင်းမလာဘူး ဖြစ်ရမယ်"

"မဟုတ်ပါဘူးကွာ၊ သူတို့က မေဂျာ မတူတော့ တစ်ခါတစ်လေ ကျောင်းထဲမှာ အတူမရှိကြဘူး၊ မင်းနဲ့ငါလိုပေါ့ကွာ၊ အခုတော့ သင်ရတဲ့ ဘာသာရပ်ချင်းအတူဘူး။ ဒါပေမယ့် ငယ်ငယ်တုန်းကထဲက တွဲကြတဲ့ ငယ်သူငယ်ချင်းတွေပေါ့"

ညနေပိုင်းထဲ ပီပီပြင်ပြင် ဝင်လာသည်နှင့် အအေးဓာတ်က ပိုကဲချင်လာသလို ရှိသည်။ ညီခ

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ထဲသို့ လက်နှစ်ဘက် သွင်းထားလိုက်၏။

ရင်တွေက သိသိသာသာ အခုန်မြန်နေလေသည်။

စိတ်ထဲမှာ မြူးလာသလို ရှိ၏။ ငယ်ငယ်တုန်းကနှင့် မတူသော ပျော်ရွှင်မှုမျိုးသည် ရင်ထဲကို တစစ စီးဝင်၍ လာ၏။

"မနက်က မင်းတွေ့လိုက်တယ်ဆိုတာ မင်းအတွက်ဟာလား၊ ငါ့ဖို့ တစ်ယောက်လား ဟင် သူရ"

"ငါ့ကောင်မလေးကို တွေ့လိုက်တာကွ"

"ဟာ! ဒါဆို ငါတော့ သွားပါပြီကွာ၊ တကယ် လို့ ငါ့ဟာလေးသာ ကျောင်းမတက်ရင် ဒီမှာ ငါ လာစောင့်ကြည့်နေရတာ အလကားပေါ့"

သူရက နာရီကို ကြည့်ပြန်၏။ ပြီးတော့ လမ်းထိပ်ဘက်ဆီ လှည့်ကြည့်ပြန်သည်။ နောက်တော့ စိတ်မရှည်လာဟန်ဖြင့်. . .

"အဲ ဒါဆို မင်းဒီမှာ ခဏစောင့်နေခဲ့ဦးကွ၊ ငါ



သူတို့ စာသင်ခန်းတွေဘက် သေချာအောင် သွားကြည့်လိုက်ဦးမယ်"

"လမ်းမှာ လွဲနေရင်ရော ဘယ်လိုလုပ်မလဲ"

"အဲဒါကြောင့် မင်းကို ဒီမှာ ဆက်စောင့်နေခဲ့ ခိုင်းတာပေါ့၊ အခုက မင်းကို ပြဖို့ အဓိကပဲဟာ. . .၊ ငါသွားတုန်း သူတို့လာရင်လဲ မင်းပဲ ကြည့်ထားလိုက်တော့ပေါ့"

"ဒီလောက် လူတွေ အများကြီးထဲမှာ ငါက သူတို့ ဘယ်သူတွေဆိုတာ ဘယ်လို သိမှာလဲကွ"

ညီခ စကားကြောင့် သွားတော့မလို ပြင်နေသည့် သူရ ခြေလှမ်းများ တန့်သွားသည်။ ခေါင်းကုတ်ရင် သူ အနည်းငယ် စဉ်းစားနေ၏။

"ဟုတ်သားပဲ... အင်း... နေဦးကွ၊ ငါ့ကောင်မလေးက ဒီနေ့ အနွေးထည် အပြာရောင်လေး ဝတ်ထားတယ်"

သူတို့ စကားပြောနေစဉ်မှာပင် ကျောင်းထဲ၌ ဘယာကြော်ရောင်းသော ကုလားမကြီး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ လမ်းအတိုင်း လျှောက်လာနေလေသည်။ ယင်းကိုယ်ပေါ်တွင် ခပ်နွမ်းနွမ်း အနွေးထည် တစ်ထည်ကို ဝတ်ထား၏။ ညစ်ထေးနေသော်လည်း အရောင်မှာ အပြာရောင်ပင် ဖြစ်သည်။

ဒါကို ညီခက မြင်သွား၏။

သူ့မျက်နှာ ပြုံးစေ့စေ့ ဖြစ်သွားသည်။ ပြီးတော့ ခေါင်း တညိမ့်ညိမ့်နှင့်...

"ဩော် သူရ... သူရ မင်းကြိုက်တယ်ဆိုတဲ့ ကောင်မလေးက သူကိုး၊ မင်းပြောတော့ အရမ်းလှတယ်ဆို... အေးပေါ့လေ၊ မင်းအမြင်မှာတော့ လှပေမပေါ့"

ညီခ စကားကြောင့် ဘုမသိ၊ ဘမသိနှင့် လှမ်းကြည့်လိုက်သော သူရမှာ မျက်နှာရှုံ့မဲ့သွားသည်။ ပြီးတော့ ခွေးကောင်ဟု ဆိုကာ ညီခ ပုခုံးကို လှမ်းထိုးရင်း ရယ်၏။

သူတို့ ရယ်နေသည်ကို ဘာထင်သွားသည် မသိ။ ဘရာကြော်သည် ကုလားမကြီးက အနား



လျှောက်လာလေသည်။

"ဟော့... ကောင်ကလေးတွေ... ငါ့ကို ခေါ်တာလားဟင်"

သူရ မပြောနိုင်ခင် ညီခက အမြန်ပြောလိုက်သည်။

"ခေါ်တယ် ခေါ်တယ်၊ ဒီကောင်က အဒေါ်ကြီးကို... "

ညီခ ဆက်မပြောနိုင်တော့၊ သူရက သူ့ပါးစပ်ကို အတင်းပိတ်ထားလိုက်သည်။ ပြီးတော့...

"မခေါ်ဘူး... အဒေါ်ကြီး၊ ဒီကောင် အလကားနောက်နေတာ သွား... သွား"

ဘယာကြော်သည်ကြီးက သူ့ဘယာကြော်တွေ မရောင်းလိုက်ရသဖြင့် မကျေမနပ်နှင့် လှည့်ထွက်သွားသည်။ ညီခက တဟားဟား အော်ရယ်ရင်း ကျန်ခဲ့၏။

သူရက သူ့ကို လက်သီး ပြသည်။

"ဆက်နောက်မနေနဲ့တော့ ဟေ့ကောင်၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မယ်"

သူရ ပြောသော်လည်း ညီခမှာ မျက်နှာပိုး မသတ်နိုင်ပဲ ရှိသည်။ သူရက တကယ် သွားတော့မှ လက်ကို လှမ်းဆွဲထားရင်း...

"ဟာ... နေပါဦးကွ၊ ငါ့ကို မင်းကောင်မလေးက ဘယ်လိုပုံဆိုတာ သေချာ ပြောခဲ့ပါဦး"

"ပြောပြီးပြီလေကွာ၊ အနွေးထည် အပြာရောင် ဝတ်ထားတယ်လို့"

ခုန ဘယာကြော်သည် ကုလားမကြီးကို သတိရသွားပြီး ညီခ စပ်ဖြဲဖြဲ ဖြစ်သွားပြန်၏။ သူရက မျက်နှာ တည်တည် အတင်းလုပ်ကာ သူ့ကို ဟန့်လိုက်သည်။

"ဒီမှာ... ဒီမှာ ငါ ပုံဆွဲပြမယ်၊ သူ့အနွေးထည်က မြင်နေကျ ပုံစံမျိုး မဟုတ်ဘူး၊ လည်ပင်းက ဒီလို ဗွီပုံစံ၊ ပြီးတော့ ဟောဒီလို လှိုင်းတွန့် အဖြူစင်းကလေးတွေနဲ့... ဒီလိုမျိုး"

စာရွက်တစ်ရွက်ကို ထုတ်ပြီး သူရက ဆောင့်



ကြီးအောင့်ကြီးဖြင့် အနွေးထည်ပုံ ဆွဲပြသည်။ ညီခက ရယ်ချင်နေသော မျက်နှာကို အတင်းထိန်းထား ရ၏။

"အေး... အေး ဟုတ်ပြီ၊ ဒါဆို အဲဒီ အနွေးထည် ဝတ်မထားတဲ့ တစ်ယောက်ကို ငါ လိုက်ရမှာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ အနွေးထည်နဲ့က ငါ့ဖို့၊ ကျန်တဲ့ ဘေးက တစ်ယောက်က မင်းဖို့... ကဲ ငါ သွား ရှာလိုက်ဦးမယ်"

ပြောပြီးပြီးချင်းပင် သူရမှာ ညီခ သူ့ကို ဆက်မစနိုင်စေရန် အမြန်ထွက်သွား၏။ ညီခက သူရ ဆွဲပေးထားသည့် အနွေးထည်ပုံပါ စာရွက်လေးကို လက်ထဲမှာ ကိုင်ရင်း တခွီခွီဖြင့် အတောမသတ်နိုင် ရှိလေသည်။

သူရကတော့ ထွက်လာရင်း သူ့ရှေ့ အတော် လှမ်းလှမ်းတွင် လှည့်ကြည့် လှည့်ကြည့် လျှောက်နေသော ဘယာကြော်သည် ကုလားမကြီးကို တွေ့လိုက် ၏။ ထိုကုလားမကြီးနှင့် လမ်းလွဲသွားအောင် ရှောင်ခြား

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှ ကွေ့သွားလိုက်ရင်း သူလည်း ညီခ မကြား အောင် ကြိတ်ရယ်သွား မိလေသည်။

❦❦❦

သံစဉ်သည် လက်ဝဲဘက်၌ ကိုင်လာခဲ့သော အနွေးထည်ကို လက်ပြောင်းကာ ကိုင်လိုက်၏။ ဒီ အနွေးထည်ကို ဝတ်လာခဲ့မိတာ အလကားပဲဟု သူမ တွေးနေမိသည်။ မနက်တုန်းကတော့ ချမ်းသလိုလို ရှိသား။ ခုညနေကျတော့ ခပ်သုတ်သုတ် လျှောက်ပြန် လာရသောကြောင့်လား မသိ။ လူက ချွေးကလေးတွေ ပင် နည်းနည်းစို့ချင်နေ၏။

အနွေးထည်ကို ခါးမှာ စည်းလိုက်ရ ကောင်းမ လားဟု စဉ်းစားလိုက်မိသေးသည်၊ သို့သော် ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တုံ့သွားပြီး၊ အချိန်ကြာနေမှာစိုး၍ မလုပ်ဖြစ်တော့။ စိတ်က အဆောင်ပြန်ရောက်ချင်ဇောသာ ကြီးနေမိ၏။ ဗိုက်ထဲမှာလဲ ဆာလှပြီ၊ ဒီနေ့မှပဲ ပရတ်တီကယ်ကလဲ နောက်ကျနေသည်။ ယမင်းခမျာ သူမကို ပရတ်တီကယ် ခန်းရှေ့မှာ အကြာကြီး ရပ်စောင့်နေခဲ့ရ၏။

"ဘယ်လိုလဲ ယမင်း၊ နင် ဗိုက်ဆာ နေပြီလား"

"ဟောအေး၊ ငါ နေ့လည်က ကန်တင်းမှာ ဆင်းစားထားသေးတယ်၊ နင့်ပေါင် ငါလာရှာသေးတယ်၊ နင့်အခန်းဘက်မှာ မတွေ့တာနဲ့ ငါ တစ်ယောက်တည်းပဲ သွားစားဖြစ်တာ"

"အေးဟာ၊ ငါဌာနမှာ စာအုပ်တွေ သွားထုတ်နေရင်းနဲ့ ကြာသွားတာ၊ ဟင်းမကြိုက်တာနဲ့ ထမင်းဘူးလဲ ကောင်းကောင်း မစားဖြစ်ဘူး။ ကန်တင်းလဲ မသွားဖြစ်တော့ ငါ့မှာ အခု ဆာလှပြီဟယ်"

သူတို့ရှေ့ မျက်နှာချင်းဆိုင်တွင် ဘယာကြော်သည် ကုလားမကြီးတစ်ယောက် လျှောက်လာသည်ကို မြင်ရ၏။ သို့သော် အဆောင်ရောက်လျှင် ထမင်းမစား



နိုင်မှာ စိုးသဖြင့် ဝယ်မစားဖြစ်လိုက်တော့။ အချိန်နည်းနည်း နောက်ကျသွားသဖြင့် လမ်းမတစ်လျှောက်၌ လူ အတန်ငယ် ရှင်းနေသည်။ ခပ်လှမ်းလှမ်း ခုံတန်းပေါ်တွင် ထိုင်နေသည့် ကောင်လေးအုပ်စုကို ဖြတ်ကျော်လိုက်စဉ် စနောက်လိုက်ကြသံကို ကြား၏။ ခြေလှမ်းတို့ကို ပို၍ သွက်လိုက်သည်။ နေလုံးနီနီသည် ကျောင်းဆောင်များ၏ အနောက်စွယ်၌ ကွယ်ပျောက်စပြုပြီ။

"အမှန်တော့ အဲဒီ စာအုပ် သွားထုတ်တာမျိုးလို တိုလီမိုလီ ကိစ္စလေးတွေက ငါတို့ ကိုယ်တိုင်လုပ်ရမှာ မဟုတ်ဘူး"

ယမင်းက ခုနက ဆုံးသွားသည့် စကားကို ပြန်ဆက်သည်။ သံစဉ် သူမဘက် လှည့်ကြည့်လိုက်၏။

"ငါတို့ ကိုယ်တိုင် မလုပ်လို့ ဘယ်သူက လာလုပ်ပေးမှာလဲ"

ယမင်း မျက်နှာပြုံးထေ့ထေ့လေး ဖြစ်နေသည်ကိုမြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ကောင်လေးတွေ လုပ်ပေးရမှာပေါ့ဟဲ့၊ အခုဆို ကျောင်းလခ သွင်းတာကအစ ဘာပဲလုပ်လုပ် ငါတို့ ကိုယ်တိုင်ချည် လူတွေကြားထဲ တိုးရ ဝှေ့ရနဲ့… ငါတို့မှာသာ ချစ်သူတွေရှိခဲ့ရင်၊ ငါတို့ကို ကူညီဖို့ရယ်၊ စောင့်ရှောက်ဖို့ရယ်… ပြီးတော့ ကြင်နာဖို့ရယ်အတွက် ငါတို့ အနားမှာ အသင့်ရှိနေမှာပေါ့"

"ငါတို့မှာသာ ချစ်သူတွေ ရှိခဲ့ရင်… "

ယမင်းစကားကို သံစဉ် တိုးတိုးလေး သံယောင် လိုက်ဆိုကြည့်နေမိ၏။ ယမင်းက စကားကို မဆက်တော့။ ပြောပြီးစတွင်ပင် ခေါင်းလေး ငုံ့ကျသွားပြီး၊ ထိုအတိုင်း ဆက်လျှောက်နေ၏။ သူမ ဘာတွေကို များ စဉ်းစားနေသလဲ။ ငုံ့ကွယ်ထားသော သူမမျက်ဝန်း တို့တွင် ချစ်သူဆိုသည့်အရာကိုများ ပုံဖော်ကြည့်နေ သလား။

သူမတို့ နှစ်ယောက်လုံး ခေတ္တ တိတ်ဆိတ်နေ မိကြသည်။ အခုအချိန်အထိ အချစ်ဆိုသည့် အရာကို



သူမတို့ မတွေ့ကြုံခဲ့ကြဘူးပါ။ ချဉ်းကပ်သူပေါင်း များစွာ ရှိခဲ့သော်လည်း တစ်ယောက်ကိုမှ စိတ်မဝင်စား ခဲ့။ စိတ်ကူး မယဉ်တတ်ခဲ့သော အရွယ်တုန်းမို့လို့လဲ ဖြစ်၏။ ယခုတော့…

လမ်းချိုးလေး တစ်ခုသို့ ကွေ့ဝင်လိုက်စဉ် ရှေ့ဘက် မလှမ်းမကမ်း၌ ခပ်နွေးနွေး လျှောက်နေကြ သော စုံတွဲတစ်တွဲကို သူမတို့ နှစ်ယောက်လုံး သတိပြု မိကြ၏။ ကောင်လေးက ကောင်မလေးကို လက်ဖြင့် သိုင်းဖက်လျက် ကောင်မလေးက ကောင်လေး ပုခုံး ထက်တွင် ခေါင်းကို စောင်းငဲ့မှီလျက် လျှောက်နေကြ သည်။ ရိုင်းရာကျမှန်း သိသော်လည်း သူမတို့ နှစ် ယောက်လုံးပင် ထိုစုံတွဲကို တည့်တည့် သေသေချာချာ ကြည့်မိကြ၏။ ထိုစုံတွဲကတော့ ဒါကို သတိပင် မပြုမိ။ တစ်လောကလုံးတွင် ၎င်းတို့ နှစ်ယောက်တည်း ရှိနေ သည့်ပမာ လမ်းကို အေးအေးလူလူ လျှောက်လှမ်း နေကြ၏။

အနားမှ ဖြတ်ကျော်သွားပြီးမှပင် ထိုစုံတွဲကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည့် အကြည့်များအား သူမတို့နှစ်ယောက်လုံး လွှဲဖြစ်ကြသည်။ သို့သော် ထိုစုံတွဲကို ဖြတ်ကျော်လာရသည်မှာ နောက်ကျောမလုံ။ နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကို ရှက်ရွံ့ဖွယ် အားနည်းချက်ကြီး တစ်ခု ရှိနေသလို ခံစားရ၏။ စိတ်ထဲမှာ သိမ်ငယ်နေသလိုလို နိမ့်ကျနေသလိုလို ဖြစ်နေသည်။

မျက်လုံးတွေက ရှေ့တူရူကို ကြည့်နေကြ၏။ သို့သော် ဘာကိုမှ မမြင်။ နားထဲတွင် တိုးညှင်းသော အဖွင့် တေးသွားလေး လွင်လွင်ကို ကြားလိုက်ရသလို ရှိသည်။ နှစ်ယောက်လုံးပင် တွေးနေမိကြ၏။ တိတ်တခိုးဖြင့် စိတ်ကူးယဉ်နေမိကြသည်။ အချိန်တွေပင် အတော်ကြာသွားခဲ့သည်။ အကယ်၍ ယမင်းသာ နှာမချေမိပါက မည်မျှထိကြာအောင် သူမတို့ နှစ်ယောက် စိတ်နှင့်ကိုယ်နှင့် ကင်းလွတ်နေမိကြဦးမည် မသိပါ။

"နင် နေမကောင်းဘူးလားဟင် ယမင်း"

အမေးနှင့် တစ်ဆက်တည်းပင် သံစဉ်၏ လက်တစ်ဖက်က ယမင်းနှဖူးပေါ် လာရောက်ထိတွေ့သည်။



ပြီးတော့...

"ဟယ် ကိုယ်လေးတောင် နည်းနည်း နွေးချင်နေပါလား"

ဟု အာမေဋိတ်ပြု၏။ နောက်တစ်ကြိမ် ထပ်နှာချေမိရင်း ယမင်းက...

"အေးဟာ၊ မနက်ကတည်းက ချမ်းစိမ့်စိမ့်တော့ ဖြစ်နေသား၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို သိပ်သတိမထားမိလိုက်ဘူး၊ ရေချိုးတုန်းက နည်းနည်း ကြာသွားလို့ အအေးမိသွားတာနဲ့တူပါတယ်ဟာ..."

သံစဉ်က ယမင်းဘက်သို့ ကြည့်နေသော အကြည့်ကို လွှဲမသွားသေးပါ။ မျက်ခုံးနှစ်ဖက်ကို ရှုံ့လိုက်ရင်း...

"ဟင်၊ နင်က နေမကောင်းချင်ဘူးလဲ ပြောသေးတယ်၊ ဝတ်ထားတော့ အင်္ကျီက ပါးပါးလေးပါလား၊ ပြီးတော့လည်း လတ်ပြတ်ကြီး... ရော့ရော့ ငါ့အနွေးထည်လေး ယူဝတ်ထားလိုက်"

ပြောပြောဆိုဆိုနှင့်ပင် သူ့အနွေးထည်လေးကို

www.burmeseclassic.com

www.burmeseclassic.com



သံစဉ်က ယမင်းဆီ ကမ်းပေး၏။ ယမင်းက ယူဝတ်လိုက်ရင်း သူ့ကိုယ်တိုင်းနှင့် အနေတော်ဖြစ်နေသော အနွေးထည်လေးကို သဘောကျသွားသည်။ အသားဖြူသူမို့ အနွေးထည် အပြာရောင်လေးမှာ သူမနှင့် အတော် ကြည့်ကောင်းနေ၏။

"နင့်အနွေးထည်လေးက တယ်လှပါလားဟ၊ အဆင်ကလည်း အဆန်းလေး... အရင်က နင်ဝတ်တာ ငါ မမြင်ဖူးပါဘူး"

"ရှိပါတယ်ဟ၊ ငါထုတ်မဝတ်ဖြစ်လို့ပါ။ ဝယ်ထားခဲ့တာတောင် တော်တော်ကို ကြာသွားပြီ"

ယမင်းက လမ်းလျှောက်ရင်း ခေါင်းငုံ့လျက် အနွေးထည်လေးကို ကြည့်ကွက်၊ ကြည့်ကွက် လုပ်လာခဲ့၏။ ကြည့်ရင်း ဒီအနွေးထည်လေးကို ပိုလို့ သဘောကျမိသည်။ နောက်ကျတော့မှ ဒီအတိုင်း ဆင်တူဆွယ်တာ တစ်ထည်လောက် ထိုးဝတ်ဦးမည်ဟု စဉ်းစား လိုက်မိသည်။

ညနေရီ၏ ကြက်သွေးရောင် အလင်းတွင်



အပြာရောင် အနွေးထည်လေးမှာ တောက်ပကာ အရောင်အဝါ တစ်မျိုး ပြာလက်နေသလို ထင်ရ၏။

❦❦❦

www.burmeseclassic.com

ညီခတစ်ယောက် လက်ချင်းဆုပ်လျက် ကိုယ့်လက်ဖျားလေးတွေကို ဆုပ်ကိုင်နေမိသည်။ ဘာကြောင့်များ သူ့ခြေလက်ဖျားတွေ အေးစက်နေရပါသလဲ။ နဂိုက လုံးဝ မရှိဘူးသည့် အရာတစ်ခု ရုတ်ချည်း ပေါ်ပေါက်၍ လာသလိုပင် တုန်လှုပ်မှု တစ်ခုသည် သူ့ကို တစ်စစ လွှမ်းခြုံ၍လာ၏။ သို့သော် မထိတ်လန့်မိ။ စိတ်တွေ လှုပ်ရှားနေလျက်က ထိုစိတ်လှုပ်ရှားမှုကိုပင် ချိုမြိန်စွာ ထပ်မံ တောင့်တနေမိသည်။

ဘယ်နှစ်ကြိမ်မြောက်မှန်း မသိသည့် နာရီ



ကြည့်မိခြင်းနှင့် ဘယ်နှစ်ကြိမ်မြောက်မှန်း မသိတော့သည့် လမ်းထိပ်ဘက် မျှော်ကြည့်ခြင်းတို့ကို တစ်ဆက်တည်း သူပြုမိသည်။ ယခုအချိန်တွင်တော့ လမ်းသွားလမ်းလာမှာ မရှိသလောက်ပင် နည်းပါးသွားခဲ့ပြီ ဖြစ်သည်။

သူရ ထွက်သွားသည်မှာ တော်တော်လေး ကြာသွားခဲ့ပြီ ဖြစ်၏။ ယခုအချိန်အထိ သူ့အရိပ်အယောင်ကိုရော၊ ကောင်မလေးတွေ၏ အရိပ်အယောင်ကိုရော မြင်ရဖို့ ဝေနေဆဲ ဖြစ်သည်။ ကြာလာတော့ ညီခ စိတ်ထဲ မတည်မငြိမ် ဖြစ်လာမိသည်။

သူရများ ကောင်မလေးတွေကို လမ်းမှာတွေ့နေပြီလား၊ ပြီးတော့ တစ်ခါထဲပဲ သူတို့သွားသည့်နောက် တစ်ကောက်ကောက် ပါသွားခဲ့ပြီလား၊ ဒီကောင်က သိပ်စိတ်ချရတာ မဟုတ်၊ ကောင်မလေးတွေနဲ့ တွေ့လျှင် သူငယ်ချင်းကို လုံးဝ မေ့လျော့သွားချင် သွားနိုင်သည်။

သူရသွားတဲ့ဘက် လိုက်သွားရ ကောင်းမလား

www.burmeseclassic.com



ဟု စဉ်းစားမိသည်။ သို့သော် အဲ့ဒီကျမှ လွဲသွားလျှင် ပိုခက်ချေမည်။ သို့ဖြင့် သူလုပ်တတ်သည့် အရာဖြစ်သော နာရီကြည့်ခြင်းနှင့် လမ်းထိပ်ဘက် မျှော်ကြည့်ခြင်းတို့ကိုသာ ထပ်မံပြုလုပ်မိတော့သည်။ ပြီးတော့ ဘယ်သူ့မှ မမြင်ရသေးသဖြင့် ခေါင်းငိုက်စိုက် ကျသွားမိသည်။

မျက်လုံးကို မြေပြင်ဘက်ဆီသို့သာ အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိ၏။ သူ့မှာ ဇက်တွေလည်း ညောင်းလှပြီ။ လာတော့မယ် အထင်နှင့် လိုက်လိုက်ကြည့်နေရသော ကိုယ့်ကိုယ်ကိုပင် ရှက်လာမိ၏။ ဆက်မကြည့်နေချင်တော့။ ကိုယ့်ခြေထောက်ကိုသာ ခေါင်းငုံ့လျက် ပြန်ကြည့်နေမိရင်း သူဝတ်ထားသော ဝေါကင်းရှူးမှ ကြိုးများ လျော့နေသည်ကို မြင်မိ၏။

အမှန်တော့ ကြိုးမှာ လုံးဝပင် မစည်းရသေးခြင်း ဖြစ်သည်။ အလာတုန်းက စိတ်လောလောနှင့် ထွက်လာတော့ ဘာကိုမှ သတိမထားမိ။ ကျောင်းစာအုပ်တွေ ထားခဲ့ပြီး အိမ်မှ ပြန်အထွက်တွင် ဒီဖိနပ်



ကို လဲစီးလာခဲ့ခြင်း ဖြစ်သည်။ အဲ့ဒီတုန်းကတော့ ကောင်မလေးတွေကို မမီလိုက်မှာသာ စိုးနေခဲ့မိသည်။

နာရီကို ထပ်မံကြည့်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် လိုက်သွားတော့မည်ဟု တွေးဖြစ်၏။ အကြာကြီး စောင့်နေရသည့် အဖြစ်ကို စိတ်မရှည်ချင်တော့။ လွဲကာမှ လွဲသွားဦး လျှောက်ရှာရတာကပဲ ပိုတောင် ကောင်းလိမ့်ဦးမည်။

ဒူးထောက် ထိုင်ချလိုက်ပြီး ဖိနပ်ကြိုးကို သေသေချာချာ ငုံ့စီးလိုက်၏။ ကြိုးကို ခပ်ဖြည်းဖြည်းဖြင့် သေသေသပ်သပ် ချည်နှောင်နေသည်။ ဒီ ဖိနပ်ကြိုးတွေ စည်းပြီး သွားလို့မှ မလာသေးရင်တော့ သူ လုံးဝ ဆက်မစောင့်တော့၊ တွေ့တွေ့ မတွေ့တွေ့ ကျောင်းဝင်းအနှံ့ ကောင်မလေးတွေကို လျှောက်ရှာတော့မည်။

သို့သော် ဖိနပ်ကြိုး ငုံ့စီးနေစဉ်မှာပင် သူထွက်သွားဖို့ မလိုတော့စေသော ကိစ္စတစ်ခုသည် ဖြစ်လာခဲ့၏။ ရှတ်တရက်တော့ ၎င်းကိစ္စအား သူ မမြင်မိသေးပါ။ ဖိနပ်ကြိုး စီးဖို့ သူစ ငုံ့လိုက်စဉ်တွင်ပင် ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ယောက်မှာ လမ်းတစ်ဘက်၌ စတင် ဝင်ရောက်လာခဲ့၏။

လမ်းဘေးဘက် ကျကျ နေရာတွင် သူ့ဖိနပ်ကြိုး ငုံ့စီးနေခြင်းဖြစ်၍ ကောင်မလေးတွေက သူ့ကို သတိမပြုမိပါ။ သူကလည်း သူတို့ကို မမြင်။ သူတို့ချင်း စကားတစ်ပြောပြောဖြင့် လျှောက်လာကြသော ကောင်မလေးတို့မှာ သူနှင့် မလှမ်းမကမ်းသို့ ရောက်လာခဲ့ပြီ ဖြစ်၏။

အမှန်တော့ ဖိနပ်နှစ်ဘက်မှ ကြိုးများ ချည်ရသည်မှာ သိပ်အချိန်ယူရသော ကိစ္စမဟုတ်ပါ။ သူက တမင်ပင် အချိန်ဆွဲ၍ လုပ်နေခြင်း ဖြစ်၏။ သူ့စိတ်မှာ နှစ်ခွ ဖြစ်နေသည်။ လိုက်သွားပြီး ရှာလျှင် လွဲသွားမှာလည်း စိုး၏။ ဆက်စောင့်နေဖို့ကလည်း စိတ်မရှည်တော့။ ထို့ကြောင့်ပင် သူ ဝေါကင်းရှူး ဖိနပ်၏ကြိုးတွေကို ကြိုးတစ်ပေါက်ချင်း၌ တင်းတင်းရင်းရင်း ဖြစ်နေအောင် စေ့စေ့စပ်စပ် ချည်နှောင်နေခြင်းဖြစ်သည်။

ကောင်မလေးတွေ လမ်းထဲ ရောက်နေပြီဆို



တာကိုတော့ သူမသိ။ သူ့ဖိနပ်ကြိုး ချည်၍ပြီးလုလုမှာပင် ကောင်မလေးနှစ်ယောက်မှာ သူ့ရှေ့တည့်တည့်သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။ ၄င်းတို့မှာလဲ အချင်းချင်း စကားတပြောပြောနှင့်... ၊ သူကလည်း ကိုယ့်ကိစ္စနဲ့ကိုယ် ရှုပ်လျက်နှင့်... ၊ တစ်ဦးနှင့် တစ်ဦး သတိမပြုမိလိုက်ကြ။ ဖိနပ်ကိစ္စပြီး၍ သူခေါင်းမော့လိုက်သောအခါတွင်တော့ ကောင်မလေးနှစ်ယောက်က သူ့ကို ကျော်သွားခဲ့ပြီ ဖြစ်သည်။

မတ်တပ်ရပ်ရပ်ချင်းမှာပင် လမ်းထိပ်ဘက်ဆီ သူ လှမ်းကြည့်လိုက်၏။ လူရိပ်လူယောင်ကိုမျှ မမြင်သဖြင့် ဆက်မစောင့်တော့ဖို့ သေချာသွားသည်။ သို့သော်ခြေလှမ်းတို့ စလိုက်စဉ်မှာပင် အာရုံထဲ၌ အလိုအလျောက် သိစိတ်တစ်မျိုးသည် ဝိုးတဝါး ဖြစ်ပေါ်လာခဲ့၏။ မရည်ရွယ်ဘဲနှင့် နောက်ဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်မိသည်။ သူ့ကို ကျောခိုင်းလျက် စကား တပြောပြော လျှောက်သွားနေကြသော ကောင်မလေးနှစ်ယောက်ကို မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ကြိုးကို ငုံ့စည်းနေစဉ်က သူ သတိမပြု လိုက်မိပဲ သူ့ရှေ့မှ ဖြတ်သွားကြသူများ ဖြစ်မည်ဟု တွေးလိုက်မိသည်။ ကောင်မလေး တစ်ယောက်၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အနွေးထည် အပြာရောင်ကို သတိပြုလိုက်မိသောအခါတွင်တော့ ဆန့်ကျင်ဘက် အရပ်သို့ လှမ်းဖို့ရန် ပြင်နေမိသော သူ့ခြေလှမ်းတို့မှာ တုံ့ကနဲ ရပ်တန့်သွားရလေ တော့ သည်။

ဒရောသောပါးဖြင့် ကောင်မလေးတွေ နောက် က ညီခ လိုက်သွားမိသည်။ ရင်တွေ အခုန်မြန်လာ ရ၏။ ဒါ သူရပြောတဲ့ ကောင်မလေးတွေပဲဟု သူ ခံစား မှုတို့က အတတ်သိနေသည်။ ကောင်မလေးတွေက တော့ စကားတပြောပြောနှင့်မို့ သူလိုက်လာသည်ကို သတိပြုမိဟန် မတူပါ။

ထပ်ချပ်မကွာသာ လိုက်ခဲ့ရသော်လည်း ညီခ က ဘာပြောရမှန်း မသိ။ ကောင်မလေးတွေကို သူစောင့်ခဲ့သည့် ရည်ရွယ်ချက်ကလည်း မြင်ဘူး



အောင် ကြည့်ထားရုံသက်သက်သာ ဖြစ်ပါသည်။ အမှန်ဖြစ်သင့်တာက ကောင်မလေးတွေ သူ့ရှေ့က တွန့်ဆုတ်ဆုတ်လေး ဖြတ်သွားကြမည်။ ဖြတ်သွားရင် လည်းသူ့ကို မျက်လုံးထောင့်ကပ်၍ ခိုးကြည့်ချင် ကြည့် သွားမည်ပေါ့။ သူကတော့ ဘောင်းဘီအိတ်ထဲ လက် နိုက်၍ အိုက်တင်လေး ဘာလေး ပေးပြီးကြည့်၊ မထိ တထိ စကားတစ်ခွန်းတလေ ပြောချင်လဲပြော၊ ကောင်မလေးတွေက ရှက်ပြီး ခြေလှမ်းတွေ သွက် သွား... စသဖြင့် ရင်ခုန်စရာတွေသာ ဖြစ်ရပေမည်။

အခုတော့ သူ မြင်နေရတာက ကျောပြင်တွေ ကိုသာဖြစ်၏။ ဟိုကောင် သူရ ပြောသည့် နှစ်ယောက် ကို တွေ့တော့ တွေ့ရပါသည်။ သို့သော် အနွေးထည် ဝတ်ထားသော ကျောပြင်တစ်ခုနှင့် အနွေးထည် မပါသော ကျောပြင်တစ်ခု အဖြစ်သာ မြင်နေရ၏။ ဆံပင် ပုံစံတွေကလည်း အတူတူ၊ ဝတ်စားပုံက လည်းအတူတူ၊ ဒီအတိုင်းဆိုရင်တော့ နောက်နေ့ကျ ရင် "မနေ့က အနွေးထည် မဝတ်ထားတာ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒါဆို ကျွန်တော် လိုက်ရမယ့် ကောင်မလေးပဲ၊ ကဲ လိုက်ပြီဗျို့" ဟု သွားပြောဖို့သာ ရှိတော့၏။

နောက်မှ ဖြစ်ချင်တာဖြစ်စေတော့၊ ဒီတိုင်း တော့ အချည်းနှီး လျှောက်လိုက်နေ၍ မဖြစ်။ ကောင်မလေးတွေကို မြင်ဖူးထားမှ တစ်ညနေကုန် အောင် သူ စောင့်ခဲ့ရကျိုး နပ်ပေလိမ့်မည်။ ထို့ကြောင့် အရဲစွန့်ပြီး သူ ကျော်တက်လိုက်၏။ သို့သော် ထိုအခါ ကျမှ ဘာစိတ်ကူးပေါက်သည် မသိ။ ကောင်မလေး တွေက ခြေလှမ်းကို သွက်လိုက်သည်။ သူ့မှာ ပြတ်ပြတ် သားသား မကျော်မိပဲ ဘေးချင်းသာ ယှဉ်သွားမိ၏။ သူ့စိတ်ထဲက တိတ်တိတ် ကျိန်ဆဲ လိုက်မိသည်။

ယခု ဆိုလျှင်တော့ သူ့ကို ကောင်မလေးနှစ် ယောက် မြင်သွားလောက်ပေပြီ။ မစကားများတို့ထံမှ အသံရုတ်တရက် တိတ်သွားသည်ကို ကြားလိုက်၏။ သူကတော့ ကောင်မလေးတွေဘက်ကို လှည့်မကြည့် ရဲပါ။ ချွေးနဲနဲ ပျံချင်လာသည်။ ရင်တွေ သိသိသာသာ လှုပ်ရှားလာ၏။ ခြေလှမ်းကို ပိုမြန်ရင်း ဟန်မပျက်



အောင် ထိန်းနေရ၏။

သို့သော် သူ့ကို ကောင်မလေးတွေက ဘာထင် သွားသည်မသိ။ သူ တိုးလိုက်သည့် သွားနှုန်း အတိုင်းပင် ကောင်မလေးတွေက လိုက်မြန်လာသည်။ သေတော့မှာပဲ။ ခြေလှမ်းသွားနှုန်းကို သူ ထပ်တင်ရပြန် ၏။ ကောင်မလေးတွေကလည်း လိုက်လာသည်။ သူ့ကို နောက်နေသည်များလား။ ၎င်းတို့ထံမှ ရယ်သံ တော့ မကြားရပါ။ သူ လှည့်တော့ မကြည့်ဝံ့။ ဘေးချင်း ကပ်ရက်ဖြစ်သဖြင့် သိပ်နီးလွန်းနေသည်။ ပြီးတော့ သူတို့က နှစ်ယောက်၊ ကိုယ်က တစ်ယောက်တည်း၊ အရေးကြုံတော့ သူ့သတ္တိက ပြလာ၏။ ဘယ်လိုမှ ဟန် မပျက် လှည့်ကြည့်ဝံ့မည် မဟုတ်ပါ။

၎င်းတို့အား ကျော်၍ မရသည်ကိုသာ သူ ဒုက္ခဖြစ်နေရ၏။ သူက မြန်လေလေ သူမတို့ကလည်း လိုက်မြန်လေလေ။ ကြာလာတော့ လမ်းလျှောက်ပြိုင် နေသလိုပင် ဖြစ်လာရ၏။

နင်တို့ကို အပျော်ဆော့နေတာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဟော့၊ ရှေ့ကကျော်တက်ပြီး နင်တို့ မျက်နှာတွေ ကြည့်မလို့ကွ၊ သူ ဒေါသပင် ဖြစ်လာမိ၏။ သို့သော် ကောင်မလေးတွေကိုတော့ ဘယ်လိုမှ ကျော်၍မရ။ ဒီလိုနှင့် လမ်းတစ်ဘက်ဆီသို့ ရောက်လာခဲ့သည် အထိ သူ့မှာ လမ်းလျှောက်ပြိုင်ပွဲကြီးကို နွှဲလာခဲ့ရတော့၏။

ဒီလမ်းကို ထွက်သွားလိုက်လျှင် ကတ္တရာလမ်းမကြီးသို့ ရောက်ပြီ၊ ထို လမ်းမကျယ်ကြီးက လူအသွားအလာ များ၏။ ၎င်း လူပေါင်းများစွာ၏ ရှေ့တွင် ခုလို ကောင်မလေးတွေနှင့် လမ်းလျှောက်ပြိုင်နေသည့် အဖြစ်မျိုးကို သူ ဆက်မလုပ်ဝံ့ပါ။ သူမတို့က နှစ်ယောက်မို့ မရှက်ပေမယ့် တစ်ယောက်တည်းသမားသူကတော့ ရှက်ပါသည်။

ထို့ကြောင့် လမ်းမပေါ် ရောက်လျှင် ကောင်မလေးတွေ ကွေ့သည့်ဘက်သို့ သူ ဆက်လိုက်မသွားတော့ပဲ တစ်ခြားဘက် ကွေ့၍ သူ လှည့်ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် မသွားခင်မှာတော့ ကောင်မလေးတွေ၏ မျက်နှာကို သူ မြင်ဖူးမှ ဖြစ်ပေ



လိမ့်မည်။

လမ်းမဘက် ထွက်လာကာစမှာပင် သူ အကြံတစ်ခု ရလိုက်၏။ လမ်းလျှောက်တာထက် မြန်သော အလုပ်ကို သူ လုပ်လိုက်ခြင်း ဖြစ်ပါသည်။ လမ်းယှဉ်လျှောက်နေရာက ဝုန်းကနဲ ထပြေးသောသူ့ကို ကောင်မလေးတွေကတော့ ဘယ်လို ထင်မည်မသိပါ။ သို့သော် သူမတို့ ထက်တော့ သိသိသာသာ ကျော်တက်သွားနိုင်ခဲ့ပါသည်။

ခပ်လှမ်းလှမ်း ရောက်သွားတော့မှ သူ ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။ ကောင်မလေးတွေက သူ့ကို ရယ်နေကြသည်။ ကိစ္စမရှိပါ။ အနွေးထည် အပြာရောင်ဝတ်မထားသော တစ်ယောက်ကိုသာ သူ ဦးတည်ပြီး ကြည့်လိုက်၏။ သူရပြောသည့်အတိုင်းပင် ကောင်မလေးက တကယ်လှနေသည်။ သို့သော် နောက် တစ်ယောက်ကိုလဲ မြင်လိုက်ရသဖြင့် သူမလည်း လှကြောင်း သိလိုက်ရလေသည်။

တစ်ခါထဲနှင့် မျက်နှာတွေကို အလွတ်ကျက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးသည့် အခါတွင်တော့ သူတို့နှင့် ဆန့်ကျင်ဘက် လမ်းသို့ သူ ချိုးကွေ့ လျှောက်လာခဲ့လိုက်၏။ လျှောက်ရင်းက သူ မောလာသည်။ အချစ်ကြောင့် စိတ်မောခြင်းတော့ မဟုတ်ပါ။ လမ်းပြိုင် လျှောက်လာခဲ့ရသဖြင့် မောပန်းသွားခြင်းသာ ဖြစ်ပါသည်။ သို့သော် သူကတော့ သူ့ဟာသူ လိုသလို ကောက်ချက်ချပစ်လိုက်၏။ ဩော... အချစ်ဆိုတာ တော်တော် ရင်မောရတဲ့ အရာပါလား။

❦❦❦

အအေးဖန်ခွက် နံဘေး၌ ရေပေါက်ကလေးများ သီနေသည်ကို ညီခ စိုက်ကြည့်နေမိ၏။ သူ ဘာဖြစ်နေသည် မသိ။ အလိုလိုနေရင်း ပြုံးချင်၊ ရယ်ချင်နေမိသည်။ အခုလဲ ဖန်ခွက်တွေကို ကြည့်ရင်း အကြောင်းမဲ့ သူပြုံးစိစိ ဖြစ်နေမိသည်။ သို့သော် သူ့မှာ လွတ်လွတ်လပ်လပ် ပြုံးနေခွင့်မရ။ သူရကအတင်း စကားတွေ လိုက်ပြောနေခဲ့သည်။

"ဘယ်လိုလဲကွ၊ ကောင်မလေးတွေကို မြင်လိုက်ရတော့ မင်းကြွေသွားပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နှစ်ယောက်စလုံးကိုပဲ ငါ သဘောကျသွားတာကွ"

"ဒီလိုတော့ လောဘမကြီးနဲ့လေကွာ၊ ကိုယ့်အတွက် တစ်ယောက်ကိုသာ ကိုယ့်ဟာကိုယ် အဆင်ပြေအောင် လုပ်စမ်းပါဦး ဟုတ်တယ်လေ"

ရယ်နေသည့် မျက်နှာဟန်လေးကို သွား၍ မြင်ယောင်၏။

"ငါက အဆင်ပြေမှာပါကွာ၊ မင်းသာ အရင်တွေ့ပြီး နောက်ကောက်ကျခဲ့ဦးမယ်"

"အပြောကြီးထား ဟေ့ကောင်၊ ပြီးမှ ငါ့ကို အသနား လာမခံနဲ့ . . . ပြဿနာတက်လာရင် ငါ မကူဘူး"

သူရက နည်းနည်း ကျွဲမြီးတိုသွားဟန် ရှိသည်။ တကယ်ပင် ဒီကောင့်အသွင်ကို မိန်းကလေးတွေ ဘာကြိုက်စရာ ရှိမယ် စဉ်းစားလို့မရ၊ အရပ်ကြီးက ကလန်ကလား၊ ဒီကြားထဲ ပိန်ကလည်း ပိန်လိုက်သေးသည်။ စကားပြောရင်လည်း လက်ကားယား ခြေကားယားနဲ့



ဆိုတော့ ကြည့်ရတာ ကြိုးဆွဲရုပ်သေးရုပ်ကြီးလိုလို၊ ဆေးရုံတွေ ဆေးခန်းတွေမှာ ထားတတ်တဲ့ အရိုးစုရုပ်ကြီးလိုလို ထင်ရ၏။ အသားကလည်း ဖြူဖြူဆိုတော့ ပိုဆိုးသေး၏။ မင်းကို ဘယ်နေရာက ကြည့်ကြည့် ငါ့လောက် ကြည့်မကောင်းပါဘူး သူရရယ်။

"မကူပါနဲ့ကွာ၊ မင်းကိုသာ ငါက ကယ်စရာ ရှိလာမှာပါ"

"သူရပဲကွာ၊ မင်းထက်မှ မသာရင် ငါ လူမလုပ်တော့ဘူး ဟေ့ကောင်"

"ဘာပဲဖြစ်ဖြစ်၊ ငါကတော့ ငါ့ကောင်မလေးနဲ့ မင်းတို့ထက် အရင်စေ့ပြီး ပြေလည်မှာပါကွာ"

တမင်ပင် မခံချင်တတ်မှန်း သိသဖြင့် သူရကို လိုက်စနေမိသည်။ သူရကလည်း သူ့စရိုက်အတိုင်း ရှူးရှူးရှားရှားတွေ ဖြစ်လာခဲ့ပါသည်။

"အံမာ ငါက အရင်တွေ့ထားတဲ့ ကောင်လေကွာ၊ မင်းထက် အခွင့်အလမ်း အများကြီး ပိုသာတာပေါ့"

"ဘာလဲ၊ အကြည့်ချင်း နှစ်ခါကြီးများတွေ့ရင် ဆို

www.burmeseclassic.com

www.burmeseclassic.com



ဘူးတယ်လို့ ပြောမလို့လား"

ညီခ စိတ်ထဲမှာ ကျလိကျလိဖြင့် ရယ်ချင်နေမိသည်။ သူရမှာ တကယ်ပင် စိတ်ဆိုးလာပုံ ရသည်။

"အသားလွတ်ကြီးပါလားကွ၊ မကျေနပ်ရင် မင်းနဲ့ငါ ပြိုင်လိုက်ကြမလား ဟေ့ကောင်"

"ငါ့ကောင်မလေးနဲ့က ဒီနေ့ တစ်ခါဘဲ တွေ့လိုက်တာနဲ့ အိုကေနေပြီကွ"

"ငါကလည်း ငါ့အတွဲနဲ့ငါ အိုကေပါတယ်၊ မင်းပြိုင်မလားသာ ပြောစမ်းပါ"

"သိပ်ပြိုင်တာပေါ့ကွာ၊ ငါက ငါ့ကောင်မလေးနဲ့ အရင်အဆင်ပြေပြီး၊ မင်းက မင်းဘက်မှာ မပြေလည်သေးရင် မင်းရှုံးပြီနော်"

"ဟုတ်ပါပြီ၊ စကားနဲ့ အသားယူ မနေစမ်းပါနဲ့၊ မင်းရှုံးရင်သာ မလွယ်ဘူး မှတ်ပါ"

"ငါနိုင်ရင်တော့ ငါတို့ စုံတွဲကို မင်းတစ်ဝိုင်း ကျွေးရမယ်နော်"

သူရကို ဒီလို မထိတထိ ဆွပေးရတာ အတော်



ပျော်စရာကောင်း၏။ သူ့မှာ မျက်နှာကြီး နီရဲလာလျက် အသံတွေ ဘာတွေပါ ကျယ်လာပြီး စိတ်လှုပ်ရှားမှုကို ထင်ထင်ရှားရှား ပြတတ်သည်။ ညီခကတော့ အပြုံးပင် မပျက်။ သူရက...

"ဒါပေမယ့် ပြိုင်လိုက်ကြမှာ ဆိုတော့ မင်းကိစ္စတွေကို ငါ အကူအညီ မပေးနိုင်ဘူးနော်၊ မင်းကောင်မလေးကို မင်းအစီအစဉ်နဲ့ မင်းသာကြိုးစားတော့"

"ကိစ္စမရှိပါဘူး သူငယ်ချင်းရာ၊ ငါ့အကူအညီ မရမယ့် မင်းအတွက်သာ စိတ်မကောင်းတာပါ"

"တော်ပြီကွာ... တော်ပြီ၊ မင်း ငါ့ကို ထပ်မရိနေနဲ့တော့၊ အခုကစပြီး မင်းနဲ့ငါ ဘယ်သူ ကိုယ့်အတွဲကို အရင် အဆင်ပြေသလဲ ပြိုင်ကြပြီ ဒါပဲ"

ပြီးတော့ သူတို့ အအေးဆိုင်ထဲမှ ထ, ထွက်လာခဲ့ကြသည်။ သူတို့ မမြင်လိုက်ပဲ လမ်းမှာ ကောင်မလေးတွေ အနွေးထည် ပြောင်းဝတ်ကြသည့် အဖြစ်၊ သူတို့ နှစ်ယောက်လုံး တစ်ယောက်ထဲအား

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်နေမိကြသည့် အဖြစ်ကိုတော့ သူတို့ လုံးဝပင် မသိလိုက်ကြပါ။

နေရောင်ခြည်သည် သံစဉ် ဝတ်ထားသည့် အကျီအဖြူရောင်ကို အမြင်စူးစူးဝါးဝါး ဖြစ်အောင် ဖြာကျနေ၏။ သူမ အကျီနောက်ကျောမှ ပြန်လာသည့် အလင်းကို စိုက်မကြည့်နိုင်သဖြင့် သူရမှာ ခေါင်းကို ငုံ့၍သာ လျှောက်လိုက်နေရသည်။

ခြေလှမ်းတို့ကို ဒီထက်ပို၍ အရမ်းနီးမသွားအောင် အဝေးကြီး ကွာ၍လည်း မကျန်ခဲ့အောင် ဂရုစိုက် ထိန်းနေရ၏။ စိတ်ထဲမှာတော့ အပြင်းအထန် စဉ်းစားနေမိသည်။ ဒီကောင်မလေးကို သူ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်ရမလဲ၊ သည်အကြိမ်သည် မိန်းကလေး တစ်ယောက်နောက်က သူ ပထမဆုံးအကြိမ် လိုက်ဖူးခြင်း ဖြစ်ပါသည်။ ပြီးတော့ ဒီကောင်မလေးသည်လဲ သူ့ဘဝတွင် ပထမဆုံးအကြိမ် အပြင်းအထန် စိတ်ဝင်စားမိသော မိန်းကလေး ဖြစ်၏။

သူ့မှာ ဒီလို အခွင့်အရေးကို ရဖို့ အတော်ကြာကြာ စောင့်ခဲ့ရ၏။ သံစဉ်ကို အဆင်ပြေပြေ လိုက်စကားပြောနိုင်မည့် တစ်ယောက်တည်း လမ်းထွက်တတ်သော အချိန်ကို အတော်စုံစမ်း ယူခဲ့ရခြင်း ဖြစ်ပါသည်။ သို့သော် ကြိုတင် စီစဉ်ထားခဲ့သမျှ စဉ်းစားမိသမျှသော စကားတို့မှာ ယခု သူမ အနားရောက်တော့ ဘယ်ချောင်ရောက်ကုန်သည် မသိ။ နောက်ယောင်ခံ လိုက်နေသူ တစ်ယောက်လိုသာ သူမ သွားရာကို ထပ်ကြပ်မကွာ လိုက်နေမိသည်။

သံစဉ်ကတော့ သူ့ကို ဂရုပြုမိ မလား မသိပါ။ လမ်းသွားလမ်းလာတွေကတော့ ဖြတ်သွားရင်း ကြည့်ကွက် ကြည့်ကွက် လုပ်သွားကြ၏။ သူရမှာ ချွေး



ပြန်ချင်လာသည်။ လှမ်းကြည့်သွားကြသူတွေကို ရယ်ပဲပြရတော့မလို စိတ်ပဲ စိုးရတော့မလို ဖြစ်နေ၏။ ရှက်လဲရှက်မိသည်။

သူတို့တွေ ကြည့်ပါများလာတော့ ကိုယ့်ကိုယ်ကိုပင် မလုံမလဲ ဖြစ်လာမိ၏။ ငါ့ပုံက တော်တော်များရုပ်ပျက်ဆင်းပျက် ဖြစ်နေသလားဟု ကိုယ့်ဟာကိုယ် သုံးသပ်မိသည်။ တော်ကြာ သံစဉ်က သူ့ကို လိုက်ပိုးပန်းနေသူအဖြစ် မမြင်ပဲ အလစ်သုတ်ချင်လို့ နောက်ကလိုက်ချောင်းနေသူ အဖြစ် မြင်သွားမှ ခက်ပေမည်။

လန့်ပြီး ခြေလှမ်းပင် နည်းနည်း တွန့်ချင်သလို ဖြစ်သွား၏။ ပြီးမှ မဟုတ်တရုပ် လျှောက်တွေးနေမိသည့် အတွေးတို့ကို ရပ်ပစ်လိုက်ရ၏။ သံစဉ်ကို ဘယ်လို စပြီး ချဉ်းကပ်ရမလဲဟု ပြန်စဉ်းစားသည်။ ခေါင်းထဲမှာ ဘာအကြံကောင်းမှ ပေါ်မလာ။ သက်ပြင်းကိုသာ ချမိ၏။ သို့သော် ထိုစဉ်တွင်ပင် ညီခ မျက်နှာစပ်ဖြဲဖြဲကို သွား၍ မြင်ယောင်မိသည်။ ဒီကောင်နှင့်ငါ စိတ်ခေါ်ထားတာပဲ။ ငါညံ့နေလို့ မဖြစ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



နဖူးကြောတို့ အစွမ်းကုန်ရှုံ့လျက် စဉ်းစားရင်း သံစဉ့်နောက်က လျှောက်လိုက်နေရာမှ ခံတွင်းချဉ်သလို ဖြစ်လာသည်။ အိပ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်စဉ်တွင်ပင် အတွေးတစ်ခုကို လက်ကနဲ ရသွား၏။ သံစဉ့်ကို ဝင်ရောဘို့အတွက် အကောင်းဆုံး နည်းကို တွေ့ပြီဟုလဲ ကိုယ့်ဟာကိုယ် ထင်လိုက်မိသည်။

ခပ်သွက်သွက်ပင် သူမအနားသို့ တိုးကပ်သွားလိုက်၏။ လက်ထဲမှ စီးကရက်ကို သိသိသာသာပင် မြှောက်ကိုင်လာသည်။ ဘေးချင်း ယှဉ်လိုက်မိသည်နှင့်ပင် သံစဉ်က သူ့ကို ဆတ်ကနဲ လှည့်ကြည့်လေသည်။

"ဟို မီးတစ်တို့လောက်"

ကိုယ့်အသံမှန်း မမှတ်မိလောက်အောင်ပင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။ သံစဉ်ကတော့ သူဘာပြောနေမှန်း ရုတ်တရက် နားလည်ပုံ မပေါ်၊ မျက်ခုံးပင့်လျက် ကြောင်ကြည့်နေလေသည်။

"ဟို...မီးခြစ်ပါလားလို့ မေးတာပါ၊ ဒီမှာ စီးကရက်



သောက်ချင်နေပြီး မီးခြစ်က ပါမလာ လို့...အဲ့ဒါ သူ့မှာပါရင် တစ်ဆိတ်လောက်ခင်ဗျာ"

"မီးခြစ် ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဘယ်ပါမလဲရှင့်"

သံစဉ်က သူ့ကို ပြုံးကြောင်ကြောင် ကြည့်နေရာမှ ပြန်ပြီး ဖြေသည်။ စကားအဆုံး၌ ပြုံးစိစိပင် လုပ်သွားလိုက်သေး၏။

သူရ စိတ်ပျက်သွားသည်။ နို့မို့ဆို သံစဉ့်ဆီက မီးခြစ်တောင်း၍ စီးကရက် မီးညှိပြီး နောက်တွင် စကားဆက်ကာ ဝင်ရောရန် ကြံထားသမျှတို့ ပျက်သွားရ၏။ ဒီနည်းက လွဲပြီး သူ တစ်ခြား စဉ်းစား၍ မရတော့။

တစ်ခါမှ မခေါ်မပြောသည့် လူနှစ်ယောက် လမ်းမှာ စကားပြော ဖြစ်ကြဖို့ဆိုတာ စီးကရက် မီးညှိခွင့်တောင်းတာတို့၊ နာရီ အချိန်မေးတာတို့လို ကိစ္စမျိုးပဲ ရှိတာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရလက်ထဲမှာက နာရီကြီးက ထင်းထင်းကြီး ပတ်ရက်သား ဖြစ်နေသည်။ သို့ဖြစ်သဖြင့် နာရီအချိန် သွားမေးလို့လဲ မရ။ ခေါင်းကုတ်ရင်း သံစဉ်နောက်ကို သာ ဆက်လိုက်မိသည်။ စိတ်ထဲတွင် သူမဆီမှ တစ်ခု ခု ကျကျန်ရစ်ခဲ့ရင် ကောင်းမှာပဲဟု တောင့်တမိသည်။ ဒါဆို ကောက်ပေးရင်း ဝင်ရောနိုင်မည် မဟုတ်လား။

သံစဉ်ကတော့ အခုဆို သူ့နောက်က လိုက်နေ မှန်း သိသွားမည်မှာ ကျိန်းသေပါသည်။ သို့သော် လှည့်မကြည့်ပဲ ခြေလှမ်း မှန်မှန်ဖြင့်သာ ဆက်လျှောက် နေလေ၏။ သူ့မှာသာ ဘယ်လိုချဉ်းကပ်ရ ကောင်းမလဲ စဉ်းစားရင်း နေမထိ၊ ထိုင်မသာ ဖြစ်နေရခြင်း ဖြစ်သည်။

နောက်ကလိုက်နေရင်း သံစဉ် မျက်နှာထား ဘယ်လိုရှိနေလဲဆိုတာ သိရအောင် အကဲခတ်၏။ တစွန်းတစ မြင်ရသလောက်တော့ သိပ်မဆိုးလှပါ။ မျက်နှာက ပြုံးချင်ချင်ပင် ဖြစ်နေသလို ထင်ရ၏။ အား တက်သွားသည်။ ကိုယ့်ကိုယ်ကို အတင်း ရဲဆေးတင်ပြီး



အနား ထပ်တိုးသွားလိုက်သည့်အခါ တကယ်ပင် ပြုံးစေ့စေ့ ဖြစ်နေမှန်း တွေ့ရပါသည်။

သို့သော် ဘယ်က စကား,စရမှန်း မသိသဖြင့် ခုနက မီးခြစ်ငှားသော ကိစ္စကိုပင် အစပြန်ဖော်ရသည်။

"အေးဗျ... လူတွေက များသောအားဖြင့် လမ်း သွားရင် မပါလာတတ်ကြဘူးနော်"

သံစဉ်က သူ့စကားကို နားမလည်ပဲ ကြောင် အမ်းအမ်းဖြင့် လှည့်ကြည့်ပြန်သည်။

"ဟိုလေ... မီးခြစ်ကို ပြောတာ၊ အခု ကျွန်တော် တောင် မေ့ပြီး အိမ်မှာ ချန်ထားခဲ့မိသေးတယ်"

သံစဉ်က ဘာမှတော့ ပြန်မပြော၊ သို့သော် ပြုံးစေ့စေ့ဟန်လေးက ပို ပီပြင်လာ၏။ နှာသီးဖျားလေး တွေပင် ပန်းနုရောင် ပြေးလျက် ရယ်ချင်လာဟန် တူသည်။

"ဟို... မသံစဉ်ရော... မေ့ကျန်ခဲ့တာပဲလားဟင်၊ ကျွန်တော့်လိုပဲ ခဏခဏ မေ့တတ်လား "

ဒီတစ်ခါတော့ သံစဉ်က တစ်ခုခု ပြန်ပြောမည့်

www.burmeseclassic.com

www.burmeseclassic.com



ပမာ ပြု၏။ နောက်မှ မပြောဖြစ်တော့ပဲ နှုတ်ခမ်းနှစ်လွှာ အတင်းစေ့၍ မျက်နှာပြန်လှည့်သွားလေသည်။ သူမ တော်တော် ရယ်ချင်နေလေပြီ။ ၎င်းမှာ ဘာကြောင့်မှန်းတော့ သူ မသိ။ သို့သော် သူမ အသွင်ကြောင့် သူ့မှာတော့ အားတက်ပြီး ပိုပြောရဲဆိုရဲ ရှိလာလေသည်။

"ဟုတ်တယ်နော်၊ လမ်းသွားရင် မီးခြစ် ပါမလာတာက တော်တော် ခံရဆိုးတယ်၊ အနားပတ်ဝန်းကျင် ကွမ်းယာဆိုင်လေး ဘာလေး ရှိရင်တော့ မီးသွားညှိလို့ ရတတ်လို့ တော်သေးတာပေါ့၊ နို့မဟုတ်ရင်တော့ စီးကရက်သောက်ချင်တဲ့အခါ မီးကညှိမရ ပြုမရနဲ့ တော်တော် ဒုက္ခရောက်တာနော် "

သံစဉ်သည် လမ်းလျှောက်နေသည်ကို မရပ်လိုက်သော်လည်း သူပြောသမျှကို သေသေချာချာ လှည့်ကြည့်၍ နားထောင်၏။ ဒီလိုဆိုတော့ သူ့မှာလည်း ပိုအားပါလာသည်။ လက်တွေ ခြေတွေ မြှောက်



လျက် သူ အားရပါးရ ပြောလေလေ သံစဉ်မျက်နှာလေးကလည်း ရယ်ချင်ဟန် ပိုပြီး ပြုံးစေ့စေ့ ဖြစ်လာလေပင် ဖြစ်သည်။

ဒီလိုနှင့် မီးခြစ်က စ,လိုက်သော မီးခြစ်နှင့် စပ်လျဉ်းသည့် စကားတို့ကို သူပြောလာလိုက်သည်မှာ တစ်လမ်းလုံးနီးပါးပင် ဖြစ်၏။ လမ်းခွဲခါနီးကျတော့ ရယ်ရင်း သံစဉ်က သူ့ကို ပြောသည်။

"ကျွန်မက မိန်းကလေးပဲရှင် ဘယ်မီးခြစ်ဆောင်မလဲ"

တဲ့။ သူ့မှာ အသေအချာ ကြားလိုက်သော်လည်း ဘာကြောင့် အဲ့ဒီစကားကို သူမ ပြောသွားမှန်း သဘောမပေါက်လိုက်။ ဘာပဲဖြစ်ဖြစ် သံစဉ်မျက်နှာလေး ရယ်မောနေတာကိုတော့ သူတွေ့သည်။ ထို့ကြောင့် သူ ကျေနပ်သွား၏။ သူ့ကိုယ်သူ အခြေအနေကောင်းသည်ဟုလည်း တွက်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ နင်ရွှေးရခက်နေတယ်ပေါ့"

ယမင်းစကား လှမ်းပြောသံကြားရမှ အသိပြန်ဝင်လာသလို သံစဉ်ကိုယ်လေး ဆတ်ကနဲ ဖြစ်သွားမိ၏။ အတွေးထဲမှ ဟိုနှစ်ယောက်၏ အသွင်ကို အမြန်နှင်ထုတ်ရသည်။ ဘာလို့များ သူတို့ကို သွားတွေးနေမိပါလိမ့်ဟုလည်း ကိုယ်ကိုယ့်ကို ဒေါသဖြစ်ချင်သွားမိ၏။

"အေးဟာ လိုက်တာက နှစ်ယောက် တစ်ပြိုင်တည်း ဖြစ်နေပြီး... နှစ်ယောက်လုံးကလဲ မဆိုးကြဘူးဆိုတော့"

"ဘာလဲ နင်က နှစ်ယောက်လုံးကိုပဲ ပြန်ကြိုက်ချင်နေတယ်ပေါ့"

"ဟယ်... မဟုတ်ပါဘူးဟဲ့၊ ငါက ဝေခွဲရခက်နေတာကို ပြောတာပါ"

ရှက်ရွံ့စွာနှင့် ပြုံးယောင်ယောင်လေး ဖြစ်နေသော သံစဉ်မျက်နှာကို ယမင်းက ခိုးကြည့်ရင်း သက်ပြင်း ရှိုက်လိုက်မိသည်။ သံစဉ်ကတော့ အဝေးဆီ ငေးငေးရီရီ ဖြစ်နေသဖြင့် ယမင်းမျက်နှာလေး ညှိုးနေသည်ကို သတိမမူမိပါ။

ထွက်သက်လေနှင့်အတူ ယမင်းနှုတ်ဖျားမှ ထွက်ပေါ်လာသော စကားသံများမှာ သိပ်အားနည်းဖျော့တော့လွန်းနေ၏။

"အင်း၊ ငါတောင် နင့်ကို မနာလိုချင်လာပြီနော်၊ နင့်မှာက ရွေးရတာတောင် ခက်နေတယ်၊ ငါ့နားမှာကျတော့ ရွေးလောက်စရာကို မရှိဘူး ဖြစ်နေတယ်"

သံစဉ်မှာ ထိုစကားကို ကြားမိပုံပင် မရ။ ငေးနေသော မျက်လုံးများသည် ချက်ချင်း အသက်ဝင်လာပြီး ကန်တင်းအဝင်ဝဘက်ဆီ မေးလေးငေါ့၍ အမောတကော ပြောလိုက်လေသည်။

"ဟဲ့... ဟဲ့၊ ဟိုမှာလာနေပြီ၊ အဲ့ဒီ တစ်ယောက်ပဲဟဲ့"

"ဘာလဲဟင်"

ယမင်းမှာ ဘယ်သူ့ကို ပြောမှန်းမသိသဖြင့် သံစဉ်က လက်ညှိုးဖြင့် ညွှန်ပြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတစ်ယောက်ပေ့ါဟ၊ ငါ့ကို လာလိုက်တဲ့ ညီခ ဆိုတာ"

ကန်တင်းထဲ ဝင်လာသော ညီခကတော့ သူတို့ကို မတွေ့သေး၊ သူတို့ ထိုင်နေတာက ကန်တင်း အလယ်ဘက်နား ရောက်နေ၍လည်း ဖြစ်ပါသည်။ ညီခသည် ခဏလျှောက်ဝင်လာပြီး ကန်တင်းအစပ်ရှိ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သဖြင့် အနားရောက် လာမလား စောင့်စားနေသော သံစဉ်မှာ မချင့်မရဲ ဖြစ်သွားသည်။ ထို့နောက် တစ်ခြားတစ်ဘက်စီ မျက်နှာ လှည့်မိသောအခါတွင်တော့ သူမမှာ မျက်လုံးအဝိုင်း သား ဖြစ်သွားရလေသည်။

"ဟဲ့... ဒုက္ခပါပဲ၊ ငါ့ကို လိုက်နေတဲ့ နှစ်ယောက် လုံးတော့ လာဆုံနေကြပြီ"

"ဟယ် ! အဲ့ဒီ နှစ်ယောက်လား၊ နင့်ကိုလိုက်တာ"

"ချောတယ်နော်၊ နှစ်ယောက်လုံးပဲ"

ယမင်း၏ မှတ်ချက်ချသံကိုပင် သံစဉ် သတိ မပြုမိ။ နှစ်ယောက်လုံးကများ သူမကို တွေ့သွားကြပြီး



ခုနေ လာစကား ပြောကြရင် ဘယ်လိုလုပ်ရပါ့မလဲဟု ခေါင်းငုံ့ စဉ်းစား နေမိသည်။ စိတ်အာရုံ စူးစိုက် နေမိသောကြောင့် ထင်သည်။ ညီခ၏ စားပွဲထိုးသို့ လှမ်းအော်လိုက်သံသည် နားထဲသို့ စူးရှစွာ တိုးဝင် လာ၏။

"ခေါက်ဆွဲကြော် နှစ်ပွဲဟေ့၊ အသားများများနဲ့"

"ဟဲ့... ဟိုမှာကြည့်စမ်း"

ယမင်း၏ ထူးခြားနေသော အသံကြောင့် ပြန်မော့လာရသောအခါတွင်လည်း သံစဉ်မှာ အတွေး မှိုင်က မပြယ်။ သို့သော် သူမ ညွှန်ပြရာဆီ ကြည့်မိ တော့မှ မျက်လုံးအဝိုင်းသား ဖြစ်သွားရ၏။

သူရနှင့်ညီခမှာ တစ်ခုံတည်းတွင် ထိုင်လျက် သူမကို တည့်တည့် လှမ်းကြည့်နေကြ၏။ ပထမတော့ အံ့ဩသွားသည်။ နောက် ဒေါသ ထွက်သွားမိ၏။ ဒီကြားထဲ သူတို့နှစ်ယောက် တွတ်တွတ်ထိုးနေကြဟန် မြင်ရတော့ ပိုလို့ပင် စိတ်ဆိုးသွားမိတော့၏။

"လက်စသတ်တော့ သူတို့နှစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေပဲ၊ ဒါ ငါ့ကို သက်သက်လာ ဝရုတ်ကျတာ"

သံစဉ်သည် မကျေမနပ် ရေရွတ်ရင်း တောက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်မိလေ၏။

ညီခနှင့် သူရကတော့ ဒါတွေမသိပါ။ သူတို့အထင်နဲ့သူတို့ ဟုတ်နေကြ၏။ နှစ်ယောက်လုံး တစ်ယောက်ထဲကို ပြုံးလိုက်နေမိမှန်းလဲ မရိပ်မိသေး။သူတို့ကြည့်နေသည်မှာ တစ်ယောက်ထဲကို ဖြစ်နေမှန်းလည်း မသိသေး။

သူရက ညီခကို ပခုံးပုတ်၍ တီးတိုး ပြောလိုက်မိသည်။

"မင်းကောင်မလေးရော၊ ငါ့ကောင်မလေးရောပါ လားကွ"

"အေးကွ၊ နှစ်ယောက်လုံးနဲ့ တည့်တည့်လာတိုးနေတယ်၊ ငါတို့ နှစ်စုံတွဲ အကြည့်ချင်း ပြိုင်ကြတာပေါ့ကွာ"

"ဟော့ကောင် တွေ့လား၊ ငါ့ကောင်မလေးက ငါ့ကို



ပြန်ကြည့်နေလိုက်တာ မျက်နှာတောင် မလွှဲဘူး"

"အံမယ်... ငါ့ကောင်မလေးရော ဘာထူးလဲ ငါ့ကို မျက်တောင်မခတ်တမ်း ပြုံးကြည့်နေတာကွ ... ဟား... ဟား သံစဉ်လေး အကြည့်က တကယ့်ကို ကြွေစရာပဲကွာ"

သူရသည် ပြောရင်းမှ မျက်နှာမော့ကာ ခပ်တိုးတိုး လေချွန်လိုက်သည်။ ညီခမှာ သူ့ကို အမြင်ကပ်ဟန်ဖြင့် လှည့်ကြည့်မိ၏။ ထို့နောက် တစ်ခုခု နှက်မလို့ပြင်သည်။

စကားစ ရှာသည်မှာပင် အနားရောက်လာသော စားပွဲထိုးက ရုတ်တရက် ထအော်လိုက်သဖြင့် ညီခမှာ လန့်၍ပင် သွားရလေသည်။

"အစ်ကို ကြက်နဲ့လား ဝက်နဲ့လားဆိုတာ ခုထိ မပြောရသေးဘူးနော်"

"ဟာ... ဝက်နဲ့ကွာ၊ ဝက်နဲ့ မင်းကလဲ တော်တော်ရှုပ်တာပဲ၊ သွားကွာ... သွား မြန်မြန်သွားယူခဲ့"

စားပွဲထိုးကို လှည့်အော်ပြီးသောအခါမှ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေဆီ ပြန်ကြည့်ရင်း ညီခ တွေးတွေး ဆဆ ရေရွတ်မိသည်။

"ဟေ့... ငါတို့ကို ဒီလောက်တောင် ပြန်ကြည့် နေပုံ ထောက်ရင် ကောင်မလေးတွေ ငါတို့ကို တကယ် ကြွေနေပြီကွ"

"အေးကွ၊ မကြာခင်ပဲ ငါတို့အတွဲ နှစ်တွဲ ok တော့မယ်နဲ့ တူတယ်"

သူတို့က သူတို့ အတွေးနှင့်သူတို့ ဟုတ်နေ သလောက် သံစဉ်မှာလဲ ကြာလေလေ ဒေါ်ဖောင်း လေလေပင်...

"ငါ့ကို နှစ်ယောက်လုံး ပြိုင်လိုက်ပြီး တမင် အရှုံး လုပ်နေကြတာပဲ၊ အခုလဲ အရှက်မရှိ ဝိုင်းကြည့် နေကြတယ်"

ဟု ပွစိပွစိ ရေရွတ်နေလေ၏။

တော်တော် ကြာလာသော အခါမှပင် သံစဉ် အကြည့်ထဲမှ မကျေနပ်ဟန်ကို သူတို့ သတိပြုမိ ကြ သည်။



"ဟေ့ကောင်၊ ငါ့ကောင်မလေး မျက်နှာ ကြည့်ရ တာ တစ်မျိုးပဲကွ၊ စိတ်ပဲ ဆိုးနေတာလား၊ ဒါမှမဟုတ် နေများ မကောင်းလို့လား မသိဘူး၊ ပုံမှန် မဟုတ်ဘူး ဖြစ်နေတယ်"

ဟု ညီခက တီးတိုး စပြောသည်။ သူရက လည်း

"အေး... ဟုတ်တယ်ကွ၊ ငါ့ကောင်မလေးလဲ မျက်နှာ ပျက်နေတယ်"

"ကြည့်ရတာ သူ နေ မကောင်းဘူးနဲ့ တူပါတယ် ကွာ "

"ဟုတ်မှာပေါ့ကွာ"

သူတို့က တစ်ယောက်ထဲကို အာရုံစိုက် နေကြ တာဆိုတော့ ဘာကြောင့်မှန်း သေချာ သတိမထားမိ။ နမော်နမဲ့ နိုင်လွန်းကြတာလဲ ပါ,ပါသည်။

သူတို့၏ ထူးခြားမှုကို ဘေးလူတွေကပင် ရိပ်မိကြ၏။ သံစဉ်နှင့် ယမင်း၏ နောက်ဘက် ဝိုင်းမှာ ထိုင်နေသော သူမတို့ အတန်းထဲရှိ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တွေကပင် သံစဉ်တို့ကို လှမ်းပြောကြသည်။

"ဟော့ ဟိုနှစ်ယောက် ဘယ်လိုဖြစ်တာလဲ သံစဉ် တစ်ယောက်ထဲကို အသဲအသန် ဝိုင်းကြည့် နေကြပါလား"

"အေးဟယ်၊ ဒီမှာ နှစ်ယောက်ထိုင်နေတာတောင် တစ်ယောက်ထဲကိုပဲ ဝိုင်းကြည့်နေလိုက်ကြတာ လွန်လွန်းတယ်"

"သံစဉ်က ဒီတစ်ခါတော့ ယမင်းထက် အပြတ်သာသွားပြီဟော့"

မိန်းကလေးတွေဆိုတော့ စကားပြောလျှင် အရိအထေ့လေးတွေက ပါစမြဲ။ သူတို့ စကားကြောင့် ယမင်းမှာ မျက်နှာပျက်ပြီး ခေါင်းငုံ့သွား၏။

သံစဉ်ကတော့ သတိမပြုမိလိုက်။ ဟိုကောင်နှစ်ကောင် သူ့ကိုလာ ဗရုတ်ကျတယ်ဟုသာ တနုံ့နုံ့ မကျေမနပ်ဖြစ်ရင်း နောက်ဆုံး သည်းမခံနိုင်တော့ပဲ ဝုန်းကနဲ ထရပ်မိလေတော့သည်။

"လာ... ယမင်း သွားမယ်ဟာ၊ ဘယ်လို ဟာတွေ



မှန်းကို မသိဘူး"

ညီခန့် သူရကတော့ ထိုအထိလည်း ဘာကိုမှ မရိပ်မိ။

ကောင်မလေးတွေ ထ,သွားသည့်ဆီသာ အူကြောင်ကြောင်ဖြင့် လိုက်ကြည့်ရင်း စဉ်းစားမရ ဖြစ်ကျန်ရစ်ကြ၏။

"ဟာ... ငါ့ကောင်မလေး သွားတော့မယ်နဲ့ တူတယ်ကွ"

"အေး... ဟုတ်တယ်... ငါ့ကောင်မလေးလဲ သွားတော့မယ်ကွ"

"ဟော့... ငါတို့ လိုက်မသွားတော့ဘူးလား"

"တော်ပါပြီကွာ၊ သူတို့ မျက်နှာတွေ ကြည့်ရတာ တစ်မျိုးပဲကွ၊ သိပ်မကောင်းကြဘူး"

"အေး... ဟုတ်တယ်... တော်ကြာ လိုက်သွားတော့မှ နဂိုက အဆင်ပြေနေတာလေးတွေတောင် ပျက်သွားပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြင့် နောက်တစ်နေ့မှာတော့ ညီခက သံစဉ်ကို စကားလိုက်ပြောသည်။

စ,စချင်း သံစဉ့်နား ချဉ်းကပ်သွားစဉ်မှာတော့ ညီခ မျက်နှာက တပြုံးပြုံး။

သံစဉ်က သူ့အနားကပ်သွားသည်နှင့် ရွံ့ရှာ သလို တစ်ချက်ကြည့်၏။

ညီခ သတိမပြုမိ။

ပြုံးကာ အနားကို တိုးသွား၏။

သံစဉ်က တစ်ဘက်သို့ ခွာသည်။



သူက အနားထပ်ကပ်ပြန်၏။ ပြီးတော့ စကား စရန် အဟီး အဟဲနှင့် ချောင်းဟန့်သံ ပေးစဉ်မှာပင်

"ရှင့်သူငယ်ချင်းရော မပါလာဘူးလား"

ရုတ်တရက် မဆိုင်တာ လာမေးသဖြင့် ညီခ ကြောင်သွားသည်။ သို့သော် ဗျာဗျာသလဲ ပြန်ဖြေ၏။

"ဗျာ... သူလား၊ မပါဘူး ခင်ဗျ"

"ရှင်တို့ချင်းက တော်တော် ချစ်ကြတာပဲနော်"

"ဗျာ... ဟုတ်ကဲ့၊ ချစ်ကြပါတယ်"

"သိပ်ချစ်နေရင်လဲ ရှင်တို့ချင်းပဲ ယူလိုက်ကြရော ပေါ့ ရှင်"

"ဗျာ!"

ပြောပြီး ဖိုးဖိုးဖတ်ဖတ်နှင့် သံစဉ် ခြေဆောင့် ထွက်ခွာသွားသည့်အခါ ညီခမှာ ခေါင်းကုတ်ကာသာ ကျန်ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ညီခက သူရကို ဟိုအကြောင်း ဖွင့်ညည်းမိသည်။

"ဘယ်လိုဖြစ်တယ် မသိဘူးကွာ၊ ငါ့ကောင်မလေးက ငါနဲ့ အဆင်ပြေနေရာကနေပြီး မြှန်းစားကြီးဘာဖြစ်သွားမှန်း မသိဘူး"

သူရကတော့ ကိုယ်တိုင် ခံစားရတာ မဟုတ်၍ကိုယ်ချင်းမစာတတ်။

"ဂေါက်သွားတာ နေမှာပေါ့ကွာ"

"အေးကွာ၊ တကယ်များဂေါက်သွားသလား



မသိဘူး၊ ဟိုနေ့က ငါလိုက်တော့ ဘာတွေပြောမှန်းကို မသိဘူးကွာ"

"ကိုယ်တို့ကတော့ လုံးဝ အဆင်ပြေတယ်ဟေ့၊ နောက်ကိုလည်း ဒီလိုပဲ ပြေလည်နေဦးမှာပါပဲ၊ ကိုယ်တို့ကြားမှာက အဆင်မပြေစရာ ဘာအကြောင်းမှ မရှိတော့ဘူးလေ။ ငြိကြဖို့ပဲ ကျန်တော့တာ... သိလား၊ သံဂျင်း(သူငယ်ချင်း) ရယ်"

သူရ၏ ခပ်ကျော့ကျော့ စကားသံကြောင့်နဂိုကထဲက စိတ်ညစ်နေသော ညီခမှာ မျက်နှာရှုံ့မဲ့သွားလေ၏။

"မှားပါတယ်ကွာ၊ ဒီမှာ သူများ စိတ်ညစ်နေရတဲ့ကြားထဲ၊ သူက ပဏ္ဏာ လာယူနေသေးတယ်"

"ဟုတ်တယ်ကွ၊ အဲဒီကိစ္စက အရည်အချင်းလိုတယ်၊ ကောင်မလေးတွေက ကိုယ့်လို အရည်အချင်း ရှိတဲ့သူနဲ့မှ ok ကြတာကွ သံဂျင်းရ"

"အေး... ပြော၊ ပြော... မင်းပဲပြောတော့နော်"

ညီခက သူရကို မြင်ပြင်းကပ်စွာ ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူရကတော့ မျက်နှာခပ်မော့မော့၊ ဒူးတွေဘာတွေပင် နှံ့နေလိုက်သေး၏။

ညီခမှာ နားရင်း ထအုပ်ချင်စိတ်ကို တော်တော်ပင် ထိန်းထားရလေ၏။

❦❦❦

ထိုသို့ အပြောကြီးခဲ့သော သူရမှာ နောက်နေ့ကျမှ ဝင့်လည်လေတော့၏။

သူ့မှာ သံစဥ်နားကိုပင် သေသေချာချာ မကပ်သွားလိုက်ရ။ သူ့ကို တွေ့သည်နှင့် ဟိုက လာ,ရန်တွေ့လေတော့၏။

"ရှင်တို့ တော်တော် တရားလွန်လာပြီနော်"

"ဗျာ"

"ဒီမှာ ရှင်တို့ ကျွန်မကို ဘယ်လိုအစားများ မှတ်နေသလဲ၊ ရှင်တို့ နောက်ဖို့... ကစားဖို့ သတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com



များ အောက်မေ့နေသလား"

ခါးကို ထောက်ကာ လက်ဟန်ခြေဟန်ဖြင့် သံစဉ် တောက်လျှောက်ပြောသွားသည်ကို သူရမှာ မျက်လုံး အပြူးသားဖြင့်သာ ခံနေရ၏။

"မဟုတ်ပါဘူး၊ ကျွန်တော် ရှင်းပြ"

"ဘာမှ ရှင်းပြစရာမလိုဘူး၊ ကျွန်မ အကုန်နား လည်တယ်၊ အရေးကြီးတာက ဒီနေ့ကစပြီး ရှင် ကျွန်မနောက် မလိုက်ဖို့ပဲ။ ရှင်တင် မကဘူး... ဘယ်သူပဲ ကျွန်မနောက်လိုက်လိုက် အဲ့ဒီလူ ကောင်းကောင်း နောင်တရစေမယ်၊ ကြားလား"

"ဟုတ်ကဲ့၊ ကြားပါတယ် ခင်ဗျ"

ဤသို့ စကားကို အဆုံးသတ်ကာ သံစဉ် ဖောင့်ဖောင့်... ဖောင့်ဖောင့်နှင့် ထွက်ခွာသွားသည် အထိ သူရတစ်ယောက် ဘာမှ တုံ့ပြန်ချိန်မရ။ ခေါင်း တွင်တွင်ကုတ်ကာသာ မျက်လုံး အဝိုင်းသားနှင့် ကျန် ရစ်ခဲ့လေတော့၏။

❖❖❖

BURMESE CLASSIC .com

ညီခနှင့် တွေ့သည့်အခါ သူရလည်းထုတ်ဖော် ဝန်ခံရလေသည်။

"ငါ့ဟာမလေးလဲ မထူးပါဘူးကွာ၊ တကယ်တမ်း၊ မင်းကောင်မလေးထက်တောင် ပိုဆိုးရင် ဆိုးနေဦး မှာ"

ညီခက သိပ်မယုံ။

"မဟုတ်ပါဘူးကွ၊ သူ့ပုံကြည့်ရတာ သဘော ကောင်းမယ့်ပုံပါ"

"ဘယ်ကလာ သဘောကောင်းရမှာလဲကွာ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကပဲ ငါ့ထက် သိဦးမလား၊ လောင်းတောင် လောင်းလိုက်ချင်သေးတယ်ကွာ၊ သူက ပိုသဘောကောင်းဖို့ ဆိုတာတော့ လုံးဝကို မဖြစ်နိုင်ဘူး"

သူရသည် မျက်လုံးထဲတွင် မနေ့က ရန်တွေ့ခံရသည့် မြင်ကွင်းကိုသာ မြင်ယောင်နေမိ၏။

"အဲ့ဒါတော့ မသိဘူးကွာ၊ ဒါပေမယ့် ငါကတော့ မင်း ကောင်မလေးကို စိတ်နေစိတ်ထား ပိုကောင်းလိမ့်မယ်လို့ပဲ မြင်တယ်"

"ဟင်း… ငါကလည်း မင်းကောင်မလေးက ပြောလို့ဆိုလို့ ပိုအဆင်ပြေမယ်လို့ ထင်တာကွ"

"အဲ့ဒါဆို… မင်းနဲ့ ငါနဲ့ လဲလိုက်ကြမလား"

ညီခက အားကြိုးမာန်တက် ပြောသည်။ သူရမှာ နားမရှင်းဟန်ဖြင့် မျက်ခုံးရှုံ့ကာ ပြန်မေး၏။

"ဟင်၊ ဘယ်လိုမျိုးကို ပြောတာလဲ"

"ဒီလိုလေကွာ၊ ငါတို့က ဒီအခြေအနေမှာ လက်လည်းမလျှော့လိုက်ချင်ဘူး မဟုတ်လား။ အဲ့ဒီတော့ ဘေးက သူငယ်ချင်းတွေဆီ ပြောင်းပြီး



ချဉ်းကပ်ကြည့်ရင် မကောင်းဘူးလား၊ မင်းကလည်း မင်းကောင်မလေးရဲ့ သူငယ်ချင်း ဖြစ်တဲ့ ငါ့ကောင်မလေးကို လိုက်၊ ငါကလည်း ငါ့ကောင်မလေးရဲ့ သူငယ်ချင်းဖြစ်တဲ့ မင်းကောင်မလေးကို"

သူရက လက်ဖျောက်တီး လိုက်သည်။

"အာ… ငါ သဘောပေါက်ပြီ… သဘောပေါက်ပြီ"

ရေရွတ်လိုက်ပြီးမှ တွေးတွေးဆဆဖြင့်…

"အေး… မင်းအကြံ မဆိုးဘူးကွ၊ ငါတို့တွေ ကောင်မလေးတွေကို တိုက်ရိုက်ဝင်လုံးတာထက် သူငယ်ချင်းတွေကတစ်ဆင့် ဆိုရင် ပိုအဆင်ပြေနိုင်တယ်ကွ"

"ဟုတ်တယ်… အဲ့ဒါကြောင့် ငါပြောတာပေါ့"

"ဒီအတိုင်းဆို ကောင်မလေးတွေကို သူငယ်ချင်းကတစ်ဆင့် အောင်သွယ်ခိုင်းလို့လဲ ရမယ်၊ ပြီးတော့ မင်းအတွက် မင်းကောင်မလေးကို ငါက ပြောပေး

www.burmeseclassic.com

www.burmeseclassic.com



တာတို့ ငါ့အတွက် ငါ့ကောင်မလေးကို မင်းက ပြောပေးတာတို့လဲ လုပ်လို့ရမယ်ကွ"

"ဟင်း... ဟင်း အဲ့ဒီလိုလုပ်ရင်းနဲ့ အခန့်မသင့်ရင်တော့၊ ငါက မင်းကောင်မလေးနဲ့၊ မင်းကလည်း ငါ့ကောင်မလေးနဲ့ ပြောင်းပြန်တွေ့ပြီး ချက်ချင်းတောင် ငြိသွားနိုင်တယ်ကွ၊ အဲဒါဆို ဘယ်လိုလုပ်မလဲ"

ညီခက သူ့ရဲ့မျက်နှာကို မခိုးမခန့် ကြည့်ရင်းခနဲ့လိုက်လေသေး၏။

ဟိုတစ်ကြိမ်တုန်းက သူခံထားရတာ မဟုတ်လား။ သူ့ရှမှာတော့ တုန့်ပြန်ဖို့ သတိမရ။

အဝေးသို့ ငေးရင်း ခပ်ဖြေးဖြေးဖြင့်သာ စကားကို ဆိုလေ၏။

"အဲ့ဒီတော့လဲ ဘယ်တတ်နိုင်မလဲကွာ၊ ကံစီမံရာပဲပေါ့"

✤✤✤

BURMESE CLASSIC .com

ယမင်းသည် ရုတ်တရက်မို့ တော်တော်လန့်ဖျံ့သွား၏။

အဖြစ်အပျက်ကတော့ သူရ သူ့နောက် လိုက်လာခြင်းဖြစ်သည်။ သို့သော် ဒင်းက ရိုးရိုးမလိုက်။ လူလို ကောင်းကောင်းမလိုက်ဟုပင် ပြောရမည်ဖြစ်၏။ တကယ်ပင် မျောက်လို ခုန်ဆွခုန်ဆွ လိုက်လာသည့်ပမာပင်။

ပထမဆုံး စတွေ့တော့ ကျောင်းဆောင် တော်ရစ်တာတစ်ခု ရှေ့မှ သူမချိုးအကွေ့... ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကထဲက စောင့်နေမှန်းမသိ သော သူရသည် အကွယ်တစ်ခုမှနေ၍ သူမရှေ့တည့် တည့်သို့ ပြုံးပြုံး ပြုံးပြုံးကြီး ဘွားကနဲ ပေါ်လာလေ၏။

ယမင်းသည် လျှောက်လက်စ ခြေလှမ်းတို့ တုံ့ကနဲ ရပ်ကာ ရင်ဘတ်ကလေးကို လက်နှင့်ဖိလျက်...

"အမလေး"

ဟုပင် ယောင်ယမ်းကာ လန့်အော်လိုက်မိ၏။

ရှေ့မှာ ရပ်နေသော သူရကို ကြည့်တော့ ပြုံးဖြီးဖြီးကြီး။ ဘာမှလည်း မပြောဘဲ သူမရှေ့ ပါးစပ်ကြီး ဖြဲကာ လာပိတ်ရပ်နေလေ၏။

တဒင်္ဂ မင်သက်နေမိသော်လည်း ယမင်းမှာ ခဏအကြာတွင် သတိပြန်ဝင်လာပြီး ဒင်းကို ကွေ့ရှောင်ကာ ရှေ့ဆက်လျှောက်လေ၏။

ထိုအခါကျတော့လည်း သူရက ဘာမှ မပြော။ နောက်ကနေဆက်ပြီးလည်း မလိုက်။ ထိုပြုံးပြုံးကြီး အတိုင်းပင် မူလ နေရာ၌ ရပ်ပြီး ကျန်ခဲ့ လေ၏။

တော်တော် ဝေးဝေးသို့ ရောက်မှ ယမင်းမှာ



နောက်သို့ မသိမသာ ပြန်ကြည့်ရဲတော့သည်။

ခုန နေရာ၌ သူရကို မတွေ့ရတော့။

ဒီလိုပဲ လာယောင်ပြီး ထွက်သွားပြီနဲ့ တူတယ်ဟု တွက်ကာ ကိုယ့်ဘာသာ ဆက်လျှောက်သွားမိသည်။

သို့သော် သူမ အထင် မှားသွား၏။

ရှေ့ခပ်လှမ်းလှမ်းနား ရောက်တော့ ဘယ်အချိန်က ရောက်နေမှန်းမသိသော သူရမှာ အုပ်ခုံတစ်ခုပေါ်၌ ငုတ်တုတ်ကြီး...

ယမင်းမှာ သူ့ကို ကြည့်ကာ ငိုရမလို ရယ်ရမလို ဖြစ်သွားခဲ့၏။

ကြည့်ရတာ နောက်ဘက်မှ ပုန်းကာ အမြန်ကျော်ပြီး ရှေ့လာစောင့်နေခြင်း ဖြစ်ပေမည်။

ဒီတစ်ခါမှာလည်း သူက ယမင်းကို ပြုံးပြုံးကြီး ကြည့်နေရုံမှ လွဲ၍ ဘာမှမလုပ်။ ဘာဆိုဘာမှလည်း မပြော။

အတွေ့အကြုံရှိသွားပြီမို့ ဒီတစ်ခါကျမှာ

www.burmeseclassic.com

www.burmeseclassic.com



ယမင်း ခေလန့်တော့သော်လည်း ဘယ်လိုလုပ်မှန်း မသိ ... ကျေမနပ် ဖြစ်ရသေးသည်။

ထိုအတိုင်းပင် နေ့လည် ထမင်းစားချိန်တစ် လျှောက် ကျောင်းထဲ ယမင်းလျှောက်သွားနေမိသည့် ကာလမှာ သူရက နေရာအနှံ့မှ လိုက်ပြုံးပြနေလေ တော့၏။

တစ်နေရာမှာ စောင့်ချောင်းကာ ဘွားကနဲ ပေါ်လာ မည်။ ပြီးတော့ ဘာမှလည်းမပြောဘဲ ပြုံးဖြီးဖြီး ကြီး လုပ်ပြမည်။ ယမင်း သူ့ကို ဖြတ်ကျော်သွားလျှင် တော့ ပျောက်သွားပြီး နောက်အကွယ်နေရာ တစ်ခုခု၌ ပေါ်လာပြန်၏။

ယမင်းမှာ ကြာတော့ ဘယ်လို တုံ့ပြန်ရမှန်း ပင်မသိ ဖြစ်လာခဲ့လေသည်။

စိတ်ဆိုးရမှာလား၊ ရယ်မောရမှာလား မသဲကွဲ

သူလုပ်နေပုံကိုက တကယ့်ကို အူကြောင် ကြောင် ဖြစ်စရာ ကောင်းလှ၏။

နေ့လည်ပိုင်း လွန်လာလို့ ယမင်း အတန်းပြန်



တက်ဖြစ်သောအခါကျမှ သူ့လုပ်ရပ်တို့ ရပ်တန့်ကာ ရပ်လေ တော့သည်။

ထိုအခါမှပင် ယမင်းလည်း သက်ပြင်းချ နိုင်တော့၏။

သို့သော် သူမ စိတ်မောရမှုက ထိုမျှနှင့် မရပ် တန့်သေးပါ။

ညနေ ကျောင်းပြန်ချိန်ကျတော့ သူမနောက် မှ တစ်ယောက်လိုက်လာပြန်လေ၏။

ဒီအခါကျတော့ သူရ မဟုတ်။ ညီခ။

လူသာ ပြောင်းသွားသော်လည်း ယမင်းကို စိတ်အနှောင့်အယှက် ဖြစ်စေမှုကတော့ မပြောင်းလဲပါ။

ဒီတစ်ယောက်ကျပြန်တော့ ပြုံးလဲမပြ။ ကြည့် ရှုမျှပင် မကြည့်ပဲ ယမင်းသွားရာ တစ်လျှောက် စိုက် စိုက်၊ စိုက်စိုက်သာ လိုက်ပါလာခဲ့လေ၏။

ယမင်းမှာ သူမကိုယ် သူမ ကံကောင်းနေသည် လား၊ ကံဆိုးနေသည်လား ဘယ်လို သတ်မှတ်ရမယ် မှန်းပင် မသိတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ သိသည်မှာတော့ တော်တော်

အူကြောင်ကြောင် ဖြစ်ရခြင်းပင် ဖြစ်လေသည်။

ဒီနေ့ပါနှင့်ဆိုလျှင် နေမကောင်းသဖြင့် သံစဉ်ကျောင်းမတက် နိုင်တာ သုံးရက်လောက် ရှိလေတော့မည်။

နေမကောင်းဘူး ဆိုသော်လည်း သိပ်ကြီးကြီးမားမားတော့ မဟုတ်။ အအေးမိချင် သလိုလို၊ နှာစေးချင်သလိုလို လေးမှုသာ။ သို့သော် အပြင်သွားလျှင် ဖျားသွားမည်စိုးသဖြင့် ကျောင်းမတက်ဖြစ်။ ထိုအတိုင်း နှစ်ရက်လောက် ဆက်ဖြစ်ပြီး ဒီနေ့တော့ နည်းနည်း သက်သာလာသလို ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယမင်းကတော့ ကျောင်းသွားသည်။

အဆောင်နေ ကျောင်းသူများ ဖြစ်သည်မို့ ယခုလို သူမ၏ အခန်းဖော်က ကျောင်းတက်ပြီး ကိုယ်က တစ်ယောက်တည်း ကျန်ခဲ့ရတော့ သံစဉ်မှာ ပျင်းလိုက်သည့် ဖြစ်ခြင်း။

ညနေဘက် ယမင်းကျောင်းမှ ပြန်အရောက်ကိုသာ တစ်နေကုန် မျှော်နေရ၏။ ထိုအခါမှ စကားပြောဖော် ရသည်ကိုး။

ယခုလည်း သံစဉ် မျှော်နေတုန်းမှာ အခန်းတံခါးဖွင့်သံ ကြားရသဖြင့် ပျော်သွား၏။

အိပ်ရာပေါ်မှာ လူးလဲထကြည့်တော့ ယမင်းမဟုတ်ဘဲ ဘေးအခန်းမှ သူမတို့နှင့် တစ်ဆောင်ထဲနေ ကောင်မလေး ဖြစ်နေလေ၏။

ဝင်ဝင်လာချင်းပင် ကောင်မလေးက သံစဉ်ကို ခပ် သွက်သွက် စကားဆို၏။

"ဟဲ့... သံစဉ်၊ နင်ဒီနေ့ ကျောင်းမတက် ဘူးလား"

"အေးဟာ... ငါ ဒီနေ့ နဲနဲ နေမကောင်းချင်သလို



ရှိတာနဲ့ ကျောင်းမတက်ဖြစ်ဘူး"

"ဟုတ်လား၊ ဒါနဲ့ နင်တို့က ဘာတွေ ဖြစ်နေကြတာလဲ"

ကောင်မလေး စကားကို ရုတ်တရက် သံစဉ် နားမလည်မိ။

"ဘာဖြစ်လို့လဲဟာ... ဘာကို ပြောတာလဲ"

"ဩော်... နင်နဲ့ ယမင်းနဲ့ကို ပြောတာလေဟယ်၊ ဟိုတစ်ခါ ငါတို့ ကန်တင်းမှာတွေ့တဲ့ နင့်ကိုလိုက်နေတဲ့ နှစ်ယောက်က အခုတော့ ယမင်းကို ပြောင်းလိုက်နေကြပါလား"

သံစဉ် မျက်ခုံးရှုံ့သွားမိ၏။ ပါးစပ်မှ အသံခပ်တိုးတိုးသာ ထွက်ပေါ်သွားသည်။

"ဩော်... ဟုတ်လား"

"ဟယ်... နင်မသိဘူးလား၊ ငါပြောတယ်လို့ တော့ သူ့ကို သွားမပြောနဲ့နော်၊ သူတို့ လိုက်နေ တာ ၃၊၄ရက်လောက်တောင် ရှိနေပြီဟဲ့။ ဒီနေ့ တောင် လိုက်သေးတယ်၊ အခုလေးတင်ပဲ ငါတွေ့ လာတာ

www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ အဲဒါကြောင့် နှင့်ကိုငါ လာပြောပြ တာ”

“ကျေးဇူးပါပဲဟယ်”

“ရပါတယ်ဟာ၊ အချင်းချင်းတွေပဲ၊ အမှန်တော့ သူငယ်ချင်းတွေဆိုတာ ဘာကိုမှ လျှို့ဝှက်မထားရဘူး။ ငါကတော့ ငါသိသမျှကို သူငယ်ချင်းတွေဆီ အကုန်ပြောပြတာပဲ၊ ငါသွားဦးမယ်ဟာ၊ နှင်နေမကောင်းဘူးဆို၊ ကျန်းမာရေးလည်း ဂရုစိုက်ဦးနော်၊ စိတ်မှာ ပူပန်မှုတွေ သိပ်မများစေနဲ့…”

အားကြိုးမာန်တက်ဟန်ဖြင့် ခပ်သွက်သွက်ပြောရင်း ကောင်မလေး ပြန်ထွက်သွားလေ၏။ ယင်း၏ နောက်ဆုံးစကားက ဘာအဓိပ္ပါယ်နှင့် ပြောသွားသည် မသိ။

သံစဉ်ကိုပင် ရိသွားသည်လား မဝေခွဲမိ။

စိတ်ထဲတွင် ဝေဝါးရှုပ်ထွေးကာ ခုတင်ပေါ် ထိုင်ရက်ဖြင့် သံစဉ် အငေါင်သား ကျန်ရစ်ခဲ့လေသည်။

❖❖❖

ယမင်းပြန်ရောက်လာချိန်အထိ သံစဉ်မှာ အိပ်ရာပေါ်မှ မထသေး။

သို့သော် ယမင်းနှင့် တွေ့ချိန်၌ သူမ၏ စိတ်ရှုပ်ထွေးမှုမှာ ဒေါသအဖြစ် ကူးပြောင်း ရောက်ရှိနေခဲ့ပြီ ဖြစ်၏။

မှုန်တေတေ ဖြစ်နေသော သံစဉ့်မျက်နှာလေးကို ယမင်းက ရုတ်တရက် အကဲမခတ်မိသေးပဲ အခန်းထဲ ဝင်ဝင်လာချင်းမှာ ပြုံးရွှင်စွာ မေးလိုက်သည်။

“ဟဲ့… သံစဉ်၊ နှင် နေမကောင်းဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"အင်း… ကိုယ်တော့ မပူပါဘူး"

သံစဉ် ပြန်ဖြေသံက ဘောက်ဆတ်ဆတ်။ ယမင်းမှာ ထိုအခါမှ သံစဉ်မျက်နှာကို ကြည့်မိတော့သည်။

"ဘာလဲ… တစ်နေကုန် တစ်ယောက်တည်း နေရလို့ စိတ်ကောက်နေတာလား၊ အေးဟာ… ငါလဲ အပြန်ကား အဆင်မပြေတာနဲ့ နောက်ကျသွားတယ်၊ လိုင်းကားတွေကလည်း ကြပ်လိုက်တာ လွန်ပါရောဟာ"

ထိုသို့ သူမပြောသော်လည်း သံစဉ်က ပြန်မပြော၊ ယမင်းသည် အခန်းထောင့်၌ အဝတ် အစား လဲနေရာမှ စကားတုံ့ပြန်သံ မကြားရသဖြင့် ထပ်မေး၏

"ဟဲ… အခုထိ ငါ့ကို စကားပြန်မပြောသေးပါလား၊ ဘာဖြစ်တာလဲ"

"နင့်မှာ ငါ့ကို တခြား ပြောစရာ မရှိတော့ဘူးလား"

သူမ မေးခွန်းနှင့် တခြားစီ ဖြစ်နေသော သံစဉ် စကားနှင့် ပြောဟန်ဆိုဟန်ကြောင့် ယမင်း အံ့ဩ၍



သွားသည်။

"ဟင်… ငါက ဘာပြောစရာ ရှိရမှာလဲဟဲ့"

"တကယ်ပဲ နင်မသိဘူးလား၊ ဒါမှမဟုတ် တမင် မေ့ချင်ယောင်များ ဆောင်နေတာလားဟင်"

"ဟဲ့… သံစဉ်ရယ်၊ နင် ဘာတွေပြောနေတာလဲ၊ ငါတော့ နားကို မလည်တော့ဘူး"

"အေးလေ၊ နင် နားမလည်ဘူးဆိုတော့လည်း ငါက ပြောပြရသေးတာပေါ့၊ အမှန်တော့ ခုလို ကောင်လေးတွေနဲ့ ပတ်သက်ပြီး ငါက သိပ်စကား ပြောချင်နေတာ မဟုတ်ပါဘူး၊ နင် လုပ်ပုံက မဟုတ်လွန်းလို့သာ ပြောရမှာ"

သံစဉ်က ယမင်းကို မကြည့်ပဲ မျက်နှာကို မော့ကာ မျက်နှာထားတင်းတင်းဖြင့် ပြောသည်။ ယမင်းမှာ ခဏ ငေးကြောင်သွားပြီး…

"ကောင်လေးတွေနဲ့ ပတ်သက်တဲ့ကိစ္စ! ဩော်… ငါသိပြီ၊ ငါသိပြီ၊ ဟိုနှစ်ယောက်၊ ငါ့ လာလိုက်တဲ့ ကိစ္စကို ပြောတာနဲ့ တူတယ်၊ အလ ကားပါဟာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ ဘာကြောင့်နေမှန်း မသိပါဘူး၊ ဒါနဲ့ အဲ့ဒီအကြောင်း နင့်ကို ဘယ်သူ ပြောပြ တာလဲ ဟင်"

"အဲဒါ အရေးမကြီးပါဘူး၊ ဟိုကိစ္စကိုသာဆက်ပြော စမ်းပါ"

"အဲဒါပဲလေဟာ၊ သူတို့နှစ်ယောက် အရှုးထပြီး ငါ့ လာ... လိုက်ကြတယ်၊ ဒါပါပဲ"

ယမင်းက ထိုစကားအပြီး အခန်း တစ်ဘက် ဘွန်းရှိ ဘီရိုရှိရာသို့ လျှောက်သွားသည်။ ဘီရိုကို ဖွင့်ပြီး မျက်နှာသုတ်ပုဝါ တစ်ထည်ကို ထုတ်ယူလိုက်သဖြင့် စကားစ, ပြတ်သလို ဖြစ်သွား၏။

သံစဉ်မှာ ထိုအခါ အိပ်ရာပေါ်မှ ဆင်းကာ ယမင်းနား ကပ်သွားပြီး မေးလေ၏။

"သူတို့ နှစ်ယောက်လုံးပဲလား"

"အင်း"

"ဩော်... အဲဒါကြောင့် နင် ခုတစ်လောမှာ သိပ် ပျော်နေတာကိုး"



"ဘာဆိုင်လို့လဲဟ၊ သူတို့ လိုက်တာနဲ့ပဲ ငါက ဘာကိစ္စ ပျော်ရမှာလဲ၊ ပြီးတော့ သူတို့ကလည်း မနေ့တစ်နေ့ကမှ စလိုက်တာပါ"

"၃. ၄ရက် ရှိနေပြီဆို"

"ဘယ်ကလာ၊ ဒီနေ့ပါနဲ့မှ နှစ်ရက်လား ရှိပါသေး တယ်၊ လူတွေကလည်း အတော် ချဲ့ကားတာပဲ"

ယမင်းမှာ စကားပြောရင်းမှပင် ရေခွက်များ ဆပ်ပြာဗူးများ ထုတ်ကာ ရေချိုးသွားရန် ပြင်ဆင်နေ လေ၏။ သူမက စကားကို အမြန်ဖြတ်ချင်နေသည်။ သံစဉ်ကတော့ စကားဖြတ်မခံ။

"အေးလေ၊ ဘာပဲဖြစ်ဖြစ်၊ နင် ငါ့ကိုတော့ ပြောပြ သင့်တာပေါ့"

"ငါလဲ ပြောမလို့ပါပဲဟာ၊ ဒါပေမယ့် ငါ့အတွက် အဲ့ဒီကိစ္စက ခေါင်းထဲ ထည့်ထားလောက်စရာ မဟုတ်တာနဲ့ မေ့သွားပြီး မပြောဖြစ်ဘူး"

"ဟုတ်ပါတယ်၊ ခေါင်းထဲ ထည့်ထားလောက်စရာ တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ခုရုပ်မှ နေ့ပြင်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ကံစွက တဖြည်းဖြည်း ရှုပ်လာပြီ၊ သူတို့နဲ့တော့ ရှင်းမှ ဖြစ်တော့မယ်"

သံစဉ်က လေးလေးနက်နက်ဟန်ဖြင့် ပြောသည်။

ယမင်းက မျက်နှာသုတ်ပုဝါကို ကိုယ်ပေါ် ခြုံလိုက်ပြီး ဆပ်ပြာခွက်ကိုင်၍ အခန်းပြင် ထွက်ရန် ပြင်ဆင်နေရာမှ... ခဏရပ်လိုက်ပြီး မျက်ခုံးတို့ပင် ရှုံ့ကာ ပြန်ပြောလေ၏။

"အေး... ဟုတ်တယ်၊ ငါလည်း ရှင်းရမယ်၊ ဒါပေမယ့် အခုတော့ ငါ အရမ်း အိုက်နေပြီ၊ နင် ဘာပြောစရာ ရှိသေးလဲ၊ ငါ ရေသွားချိုးတော့မယ်"

"ဘာမှ ပြောစရာ မရှိတော့ပါဘူးဟာ"

"အဲ့ဒါဆို ငါ ရေချိုးလိုက်ဦးမယ်"

ပြောပြောဆိုဆို ယမင်းထွက်သွားသောအခါ သံစဉ်တစ်យောက်ထဲသာ အလေးအနက် စဉ်းစားနေဟန် ဖြင့် ကျန်ရစ်တော့သည်။

အတန်ကြာ တွေးနေရင်းမှ အတွေးတစ်ခု



ရသွားဟန်ဖြင့် သူမ ခေါင်းကို ညိတ်လိုက်သည်။

ပြီးတော့ နှုတ်ခမ်းကို တင်းတင်းစေ့ကာ လက်ညှိုးလေး တစ်ထောင်ထောင်ဖြင့် ခေါင်းတညိမ့်ညိမ့် လုပ်နေလေ၏။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြင့်ပင် သံစဉ်နှင့် ယမင်းတို့သည် ကိစ္စတစ်ခုလုံး ရှင်းရှင်းလင်းလင်း ဖြစ်စေရန် ဆုံးဖြတ်ချက်တစ်ခုကို အသီးသီး ချမှတ်ဖြစ်ကြ၏။

သူတို့ ဆုံးဖြတ်ချက်မှာ အခြားမဟုတ်။

ကောင်လေးနှစ်ယောက်လုံးနှင့် မျက်နှာချင်းဆိုင် ရှင်းဖို့ဖြစ်လေသည်။

ကိုယ်စီ ကြိတ်ကာ ဆုံးဖြတ်ကြခြင်း ဖြစ်သော်လည်း ဆုံးဖြတ်ချက်ခြင်းက တူနေသည်။

ထိုဆုံးဖြတ်ချက်အတွက်သူတို့ လုပ်ဆောင်ပုံ



ချင်းကလည်း တိုက်ဆိုင်နေပြန်၏။

ကောင်လေးတွေဆီ စာပို့ကာ အသီးသီး ချိန်းဆိုခဲ့ကြသည်။

သံစဉ်ကလည်း ညီခနဲ့ သူရဆီသို့...

ယမင်းကလည်း ညီခနဲ့ သူရဆီသို့...

စာတစ်စောင်စီ ပို့၏။

စာထဲမှာက နက်ဖန် နေ့လည်ကို သူတို့အဆောင်နားက အအေးဆိုင်လေးဆီကို လာဖို့ နှစ်ယောက်လုံး ချိန်းဆိုထားကြ၏။

အတန်းအားချိန်မှာမှ သူတို့တွေ အေးအေးဆေးဆေး တွေ့လို့ရမယ် မဟုတ်လား။

ပြီးတော့ ကောင်မလေးတွေဆိုတော့ ကောင်လေးနှစ်ယောက်နဲ့ မျက်နှာချင်းဆိုင် ရှင်းဖို့မှာ သူတို့အဆောင်နှင့် နီးသောဆိုင်သည်သာ လုံခြုံမှု ရှိသလို သူတို့ ယူဆမိကြ၏။

သို့သော် သူတို့မသိသည်မှာတော့ အကြံချင်းတူကာ ရည်ရွယ်ချက်ချင်း တိုက်ဆိုင်နေကြခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစာတွေ ကောင်လေးတွေဆီရောက်သွားတော့ နှစ်ယောက်လုံးပင် အံ့ဩသွားကြသည်။

သူ့ရ ထိုစာတွေကို အရင်ရခဲ့ခြင်း ဖြစ်၏။

သူက အပြင်သွားဖို့ အိမ်မှအထွက် စာပို့သမားက စာတွေ လာပေးသွားသည်။

သူ့ဆီ စာတွေဘာတွေ လာလေ့လာထ မရှိသဖြင့် သူ အံ့ဩသွား၏။စာကလည်း နှစ်စောင်တောင်မှ။

စာအိတ်ပေါ်မှ လက်ရေးတွေကြည့်တော့



မိန်ကလေး လက်ရေးတွေ ဖြစ်နေ၏။

သိလိုစိတ်ဖြင့် သူ အလျှင်အမြန် ဖွင့်ဖောက်ကြည့်ခဲ့သည်။

သူ့ကို ချိန်းဆိုထားတာမှန်း သိတော့ သူ့အတွေးနှင့်သူ ပျော်သွားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ညီခကတော့ စာတွေရေးပြီး အတော် မာန်တက်သွားသည်။

ကောင်မလေးနှစ်ယောက်လုံးက သူ့ကို ချစ်ခြင်းကို သူဖာသာသူ အကောင်းဘက်မှ တွေးကာ ယူဆ၏။

ဘဝင် ခပ်မြင့်မြင့်နှင့်ပင် တစ်ယောက်တည်း ပါးစပ်မှ ရေရွတ်ခဲ့မိသည်။

"လက်စသတ်တော့ ငါ့ကို နှစ်ယောက်လုံးက ကြိုက်နေတာပါလား၊ ဒါကြောင့် နှစ်ယောက်လုံး



တစ်ပြိုင်ထဲ ချစ်ကြတာပေါ့၊ သူတို့နဲ့တွေ့ရင် ငါ ဘာပြောရပါ့မလဲ၊ အင်း... နှစ်ယောက်လုံးက လည်း ငြင်းစရာ မရှိဘူး၊ ဘယ်သူ့ကို ငါ ရွေးရမှာလဲ၊ အို... စဉ်းစားနေရတာ ခက်ပါတယ်၊ တွေ့မှပဲ ကြည့်လုပ်တာပေါ့ကွာ"

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

သူရမှာလည်း ထိုစာတွေ ရပြီးထဲက မှန် ရှေ့မှ မခွါတော့။

သူ့ရုပ်သူ မှန်နား ကပ်၍ကြည့်၏။ ခပ်လှမ်း လှမ်းမှ ခွာ၍ ကြည့်၏။

မျက်နှာကိုလည်း ဖြီး၍ကြည့်၏။ ဖြဲ၍ကြည့် ၏။ ပြုံး၍ကြည့်၏။ ဘယ်လိုကြည့်ကြည့် တော်တော် ကြက်သရေ ရှိတယ် ထင်နေမိလေသည်။

ကောင်မလေးချောချောနှစ်ယောက် က တောင် တပြိုင်ထဲ ချိန်းဆိုခံရသူ မဟုတ်လား။



"အင်း... ငါ့ရုပ်က အတော်ချောတာကိုး၊ ဒါကြောင့် ကောင်မလေး နှစ်ယောက်လုံး ငါ့ကြွေ တာနေမှာ၊ ကျွတ်... ဟိုကောင်တော့ ဘယ်လို နေမလဲ မသိဘူးကွာ၊ တတ်နိုင်ပါဘူးလေ... သူ့ထိုက်နဲ့ သူ့ကံပေါ့"

www.burmeseclassic.com

www.burmeseclassic.com

အအေးဆိုင်ထဲ ဝင်ဝင်လိုက်ချင်းမှာပင် သူရ၏ ပြုံးဖြဲဖြဲ ဖြစ်လာသော မျက်နှာသည် လေလျှော့လိုက်သော ဘောလုံးလို ရှုံ့မဲ့သွားလေ၏။

စားပွဲခုံ တစ်လုံးမှာ အမြိုင်သား ထိုင်နေသော ဆိုင်ထဲ ကြိုရောက်နေသည့် ညီခကို လှမ်းကြည့်ရင်း နှုတ်က တီးတိုး ရေရွတ်လိုက်မိလေသည်။

"ဟာ... တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ ဒီကောင်နဲ့ မှ တည့်တည့် လာတိုးနေတယ်"

သူ ထိုသို့ မအီမလည် ဖြစ်နေတုန်းမှာပင်



ညီခက လှမ်းကြည့်သည်နှင့် ကြုံသောကြောင့် အသက် မပါလှစွာ ပြုံးပြရင်း ထိုစားပွဲနား လေးလေးကန်ကန် လျှောက်သွားရလေသည်။

"ရောက်နေတာ ကြာပြီလား"

သူရကို တွေ့သည့်အတွက် ညီခလည်း ဝမ်းသာပုံမရပါ။ အနား ဝင်ထိုင်ရင်း သူရ နှုတ်ဆက်သည်ကို မကြည်မသာ စကားပြန်ဆို၏။

"အေး... ဆိုပါတော့၊ ဒါနဲ့ မင်း... ဒီကို ဘာလာလုပ်တာလဲ"

"ဒီလိုပါပဲကွာ၊ ဒီနားလမ်းကြုံလို့ ဝင်လာတာ၊ မင်းကရော... "

"ငါလဲ ကျောင်းထဲ မထိုင်ချင်တာနဲ့ ဒီဘက် လျှောက်လာတာ"

ထို့နောက် ခေတ္တ စကားစ ပြတ်သလို ဖြစ်သွားကြသည်။ သူရက စားပွဲထိုး တစ်ယောက်ကို လှမ်းခေါ်ကာ အစားအသောက်များ မှာ၏။

ပြီးတော့ ရေနွေးသောက်ရန် စားပွဲပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ဘူးဆီ လက်လှမ်းလေသည်။

ဓာတ်ဘူးက သူနှင့် နီးနေသည်မို့ ညီခက ယူပေးလိုက်ပြီး သူရ၏ ဖန်ခွက်ထဲ ရေနွေး ငှဲ့ပေးလိုက်သည်။ စိတ်ထဲကတော့...

"ကြည့်ရတာတော့ ဒီကောင် တော်တော်နဲ့ ပြန်ဦးမယ့် ပုံ မပေါ်ဘူး၊ ဒုက္ခပါဘဲကွာ"

ဟု ရေရွတ်ရင်း သူရအား ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲနေမိလေသည်။

သူရ စိတ်ထဲမှာလည်း သူ့အတိုင်းပင်။

"ဒီကောင်ကလဲ ဘာဖြစ်လို့ ဒီရောက်နေမှန်း မသိဘူးကွာ၊ သွားပါတော့"

ဟု စိတ်ထဲမှာ အခါခါ ပြောနေမိသည်။

နောက်ဆုံး အောင့်အီး မနေနိုင်တော့ သော ညီခက စပြောလေသည်။

"မင်းနဲ့ငါ လောင်းထားတဲ့ ကိစ္စလေ... မှတ်မိသေးလား"

"ဟိုကောင်မလေး တစ်ယောက်စီ ပြိုင်လိုက်ကြဖို့



သဘောတူထားတဲ့ ..."

"အေး... အေး၊ ဟုတ်တယ်၊ အဲ့ဒီတုန်းက လောင်းထားတာကို ငါတို့ အခု ဖျက်လိုက်ကြရအောင်ကွာနော်"

"ဟာ... ကောင်းတယ်ကွ၊ ငါလဲ မင်းကို အဲ့ဒါ ပြောမလို့"

သူရမှာလည်း ယခုမှ ပြောချင်တာ ပြောခွင့်ရတော့မလို အားကြိုးမာန်တက် ဖြစ်သွား၏။ ညီခက ဒါကို သတိမပြုမိ။ သူပြောလိုရာသာ ဆက်ပြော၏။

"ပြောရမှာ အားတော့ နာတယ်ကွာ၊ အခု ငါစောင့်နေတာ၊ ငါ့ကို ချိန်းထားတာ ရှိလို့ကွ၊ အဲ့ဒါ မင်းကိစ္စ မရှိဘူးဆိုရင် ပြန်ပါတော့လားကွာ"

"ဟုတ်လား၊ ငါ့ကိုတော့ ကောင်မလေး နှစ်ယောက် ကတောင် ချိန်းထားတာကွ၊ ဘယ်သူတွေ မှတ်လဲ၊ သံစဉ်နဲ့ ယမင်းပဲ ဟေ့ကောင်"

သူရ စကားကြောင့် ညီခ မျက်လုံး ပြူးသွားသည်။ သို့သော် ချက်ချင်း ခေါင်းပြန်ယမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... မင်းကိုလည်း ချိန်းထားတယ်၊ မဖြစ်နိုင်ပါဘူးကွာ၊ ဒီမှာ... ငါ့ကို စာနဲ့ အသေအချာ ချိန်းထားတာကွ"

"ဟင်... ငါ့မှာလည်း စာနဲ့ပဲကွ၊ ဟော့ဒီမှာ..."

သူရကလဲ ပြောပြောဆိုဆို စာနှစ်စောင် ထုတ်ပြ၏။ ညီခမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရင်း သူ့လက်ထဲမှာ ရှိသော သူ့ဆီ လာသည့် စာနှစ်စောင် ကို ပြန်ကာ ကြည့်လိုက်မိသည်။

"ဟာ... အဲဒါဆို တစ်ခုခုတော့ လွဲနေပြီကွ"

"ပြစမ်း... မင်းစာ"

သူရက ညီခဆီမှ စာများကို ယူကြည့်သည်။ ကြည့်ရင်းက သူ့မျက်နှာ တော်တော် ပျက်ယွင်းလာလေ၏။ ညီခမှာတော့ သက်ပြင်း တစ်ချချ၊ ပါးစပ်မှ ထုတ်ကာပင် ညည်းငြူလိုက်မိသည်။

"ဟင်... ဒီအတိုင်းဆို ဘယ်လို လုပ်ရပါ့မလဲ"

"အဲဒါဆို မင်းခဏလောက် ရှောင်ပေးပါလားကွာ၊ ငါနဲ့ ကောင်မလေးတွေနဲ့ အရင် တွေ့ကြည့်လိုက်



မယ်လေ၊ ပြီးမှ မင်းနဲ့ တွေ့ပေါ့"

"ဟာ၊ ဘယ်ဖြစ်မလဲကွ၊ မင်းရှောင်ပေးပါလား၊ ငါနဲ့ အရင်တွေ့မယ်"

သူ့အဆိုပြုချက် မအောင်မြင်သည့်အဆုံး သူရမှာ ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်မိလေ၏။

"အဲဒါဆို အခု ဘာလုပ်ကြမလဲ"

"မသိဘူးလေကွာ"

"အေးကွာ၊ အခုအတိုင်းဆို... ကောင်မလေးတွေ ချိန်းထားတာကလည်း ဘာသဘောမှန်း မသိပါဘူး"

ညီခရော သူရရော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာလုပ်ရမယ်မှန်း မသိကြတော့။ ငေါင်တောင်တောင်နှင့် နှစ်ယောက်သား ဒီအတိုင်းသာ ထိုင်နေမိကြလေတော့သည်။ သူတို့မှာလည်း လုပ်စရာဆိုလို့လဲ စောင့်ကြည့်ကြဖို့သာ ရှိတော့သည် မဟုတ်လား။

သို့သော် တော်တော်ကြာသည့်အထိ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေက ပေါ်မလာ။ အချိန် တဖြည်းဖြည်း နှောင်းလာတော့ ညီခက အရင် မရိုးမရွ ဖြစ်လာလေ၏။

"ကောင်မလေးတွေကလည်း ကြာလိုက်တာကွာ ငါ အပြင် ခဏထွက်ကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို ထရပ်ကာ ညီခက အပြင် ထွက်ဖို့ ပြင်သည်။ သို့သော် ခြေတစ်လှမ်းကိုပင် သူ ပီပီပြင်ပြင် မလှမ်းရ။

သူ့ရက လက်လှမ်းဆွဲထားလေ၏။

"ဟာ... ရတယ် ဟေ့ကောင်၊ ငါပဲ ထွက်ကြည့် လိုက်မယ်"

ထိုသို့ သူရက ထွက်မယ် လုပ်ပြန်တော့လည်း ညီခက ပြန်ဆွဲပြန်၏။ ပြီးတော့ ညီခမှာ ခြေတစ်လှမ်း ထပ်တိုးရင်း သူရကို မာန်လိုက်သည်။

"မင်းကလည်း ဘာဖြစ်နေတာလဲကွာ၊ ငါက အကောင်းနဲ့ ထွက်ကြည့်ပေးမလို့ ဥစ္စာ"

သို့သော် ဘယ်လိုပြောပြော သူရက လက်ကို



မလွှတ်။

"ရပါတယ်၊ မင်းစေတနာကို ငါ နားလည်ပါတယ် ကွာ၊ မတော် အပြင်မှာ မင်းနဲ့ ကောင်မလေး နှစ်ယောက်ဆုံပြီး တခြားနေရာကို လစ်ထွက်သွား ကြရင် ဘယ်လိုလုပ်မလဲ"

"ကျွတ်... အဓိပ္ပါယ်မရှိတာကွာ"

ထိုသို့ဖြင့် နှစ်ယောက်လုံးမှာ တစ်ယောက်က တစ်ယောက်ကို ဆွဲနှင့်၊ ထိုနေရာမှ နှစ်ယောက်လုံး ထွက်ခွာမရပဲ ဖြစ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဆိုင်ထဲ၌ ကောင်လေးနှစ်ယောက် ပြဿနာ တက်နေချိန် ဆိုင်ပြင်မှာလည်း သံစဉ်နှင့် ယမင်းတို့ ကောင်မလေးနှစ်ယောက်မှာ မျက်နှာချင်းဆိုင် ဆုံမိကြလေ၏။

ဆိုင်ဆီ ဦးတည်ကာ တစ်ယောက်တစ်ဘက်စီမှ လာသော ကောင်မလေးနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် တွေ့သောအခါ ဆိုင်ထဲ မဝင်နိုင်ကြတော့။

"နင် ဘယ်လာတာလဲ"



သံစဉ်က မေးလိုက်သည်။ ယမင်းက မျက်နှာထား တင်းတင်းဖြင့် ပြန်မေးသည်။

"နင်ကရော... ဘယ်လာတာလဲ"

"ငါ အရင်မေးတာ... နင် အရင်ဖြေ"

"ငါက ဒီမှာ ချိန်းထားတာ ရှိလို့လာတာ"

ယမင်းစကားကြောင့် သံစဉ် အံ့အားသင့်သွား၏။ ပြီးတော့ အကြံတူချင်းမို့ ချက်ချင်း အတွေး ပေါက်သွားသည်။

"ဟင်... အဲ့ဒါဆို တို့နှစ်ယောက်ကို နင်လည်း ဒီမှာ ချိန်းထားတယ်ပေါ့"

ယမင်း ခေါင်းညိတ်၏။

"ဟုတ်တယ်လေ... ဘာလဲ၊ နင်တရော ချိန်းထားလို့လား"

"အေး... ဒါပေမယ့်၊ နင်နဲ့ငါ ဒီအချိန်၊ ဒီနေရာကြီးမှာ ချိန်းတာချင်း လာတိုက်ဆိုင်နေတာတော့ မကောင်းပါဘူး"

"ဒါကတော့ ဘယ်တတ်နိုင်မလဲ၊ ငါလဲ အတန်း

www.burmeseclassic.com

www.burmeseclassic.com



အားတဲ့အချိန်ကို ချိန်းရတာပဲ၊ နင်နဲ့ငါက တစ်တန်းတည်း ဖြစ်နေတော့ ချိန်းတဲ့အချိန်ချင်း တူသွားတာပေါ့၊ နင်ကရော ဒီနေရာမှ ရွေးချိန်းရသလဲ"

"ကျောင်းနဲ့အနီးဆုံးမှာ အေးအေးဆေးဆေး စကားပြောလို့ကောင်းတာ၊ ဒီဆိုင်ပဲရှိတာကိုး၊ ဒါပေမယ့် နင်က အဓိပ္ပါယ် မရှိဘူးဟာ"

"ဟာ နေရင်းထိုင်ရင်းကြီးပါလား၊ ဘာဖြစ်လို့လဲ... ပြောပါဦး"

"အမှန်ဆို အဲဒီနှစ်ယောက်က ငါ့ကို အရင်လိုက်တာ... ငါနဲ့ပဲ ပြဿနာ အရင် ရှင်းရမှာပေါ့"

"ဟဲ့... ငါက အခုလတ်တလော ကြုံတွေ့နေရတာလေ၊ ငါလဲ အမြန်ဆုံး ဖြေရှင်းချင်တာပေါ့"

"မဆိုင်ပါဘူးဟာ... နင့်ကိစ္စက အရေးမကြီးပါဘူး"

သံစဉ်က ပြောရင်း ပြောရင်း ဒေါသ ပါလာသည်။ ယမင်းကလည်း ဆံပင်တွေ ဝဲကနဲ ဖြစ်အောင်



မျက်နှာကို ခါလိုက်ရင်း ချက်ချင်း ခွန်းတုံ့ပြန်၏။

"နင်၊ အဲဒီလိုတော့ မပြောနဲ့ သံစဉ်၊ လူဆိုတာ ကိုယ့်ကိုယ်ကိုတော့ အရေးကြီးဆုံးလို့ ထင်ကြတာချည်းပဲ၊ ဒီကမ္ဘာပေါ်မှာ နင်တစ်ယောက်ထဲနေ, နေတာ မဟုတ်ဘူး။ နေရာတကာ နင့် စိတ်ကြိုက်ချည်း လုပ်လို့မရဘူး"

သူတို့ ထိုသို့ ပေါက်ကွဲလုလုမှာပင် ညီခနှင့် သူရ နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ငြင်းခုန်ရင်း ဆိုင်ထဲက ထွက်လာကြလေ၏။

"မင်းကကွာ၊ ငါ့ကို မယုံဘူး"

"မင်းရော၊ ငါ့ယုံရင် တစ်ယောက်ထဲ ပေးထွက်ကြည့်ပါလားကွ"

ပါးစပ်တွေကသာ ငြင်းခုန်နေသော်လည်း တစ်ယောက်လက်ကိုတော့ တစ်ယောက် မလွှတ်၊ ချစ်လွန်း လို့တော့မဟုတ်၊ တစ်ယောက်ကို တစ်ယောက် စိတ်မချ၍ ဖြစ်လေသည်။

သူတို့ကို တွေ့တော့ ကောင်မလေးတွေ၏

www.burmeseclassic.com

www.burmeseclassic.com



ဒေါသမှာ သူတို့ပေါ် မှုံကျသွား၏။ ယမင်းက အရင်စ ရန်တွေ့သည်၊ သံစဉ်ကလည်း ထပ်ကာ ဖိပြော၏။

"နင်တို့က ဘယ်လိုလုပ်တာလဲ... ဒီမှာ နင်တို့ကြောင့် ပြဿနာ ဖြစ်နေပြီသိလား"

"နင်တို့က ငါတို့ကို တမင်သက်သက် လာမွှေနေတာလား"

ကောင်လေးနှစ်ယောက် ပါးစပ် အဟောင်းသားဖြင့် ဘာမှ မပြောနိုင်။ ကောင်မလေး နှစ်ယောက်၏ အပြစ်တင်မှု နှစ်ခုသည် နှစ်မျိုးဆင့်၍ လာပြန်ပြီ။

"နင်တို့ အခုလုပ်နေတာတွေက ဘာသဘောလဲ"

"ငါတော့ နင်တို့ကို ဘာမှ နားမလည်နိုင်တော့ဘူး"

သူရက စတင်ကာ ခေါင်းကို ယမ်းခါရင်းငြင်း၏။

"ဟာ မဟုတ်ဘူး၊ အဲ့ဒါ ငါတို့က နင်တို့ကို ပြန်မေးရမှာ"

ညီခကလည်း နောက်က သံယောင် လိုက်၏။

"ငါတို့လည်း ဘာမှ နားမလည်ဘူး"



သူတို့စကားကို သံစဉ်နှင့်ယမင်းက ဒေါသသံဖြင့် သံပြိုင် တုံ့ပြန်၏။

"အဓိပ္ပါယ်မရှိဘူး"

"အခုမှ အူကြောင်ကြောင် လာလုပ်မနေနဲ့"

ထို့နောက် ယမင်းက ခါးကိုထောက်ကာ မျက်နှာကို ချိုး၍...

"ဟိုလူ့လိုက်မလို ဒီလူ့လိုက်မလိုနဲ့... အရမ်းစိတ်တိုဖို့ကောင်းတယ်"

ဟု စပြောလိုက်ပြီး သံစဉ်က...

"အရှုးတွေ ကျနေတာပဲ"

ဟု မဲ့ရွဲ့ပြောလိုက်သော စကားဖြင့် ထပ်ထိုးနှက်လိုက်ပြန်၏။

သူရက သက်ပြင်းချကာ ရှင်းပြရသည်။

"မဟုတ်ပါဘူး၊ ငါ ရှင်းပြပါ့မယ်၊ အဲဒီလိုက်တဲ့ကိစ္စကတော့ ငါတို့ အသုံးမကျသွားတာပါ။ ငါတို့က မပြတ်သားမိတာ၊ အစက ငါ တစ်ယောက်သူ တစ်ယောက်ဆိုပြီး နင်တို့ကို လိုက်ခဲ့ကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အဆင်မပြေတော့ လုပ်မိလုပ်ရာ လုပ်ရင်း လူပြောင်းပြီး ချဉ်းကပ်မိကြတာ ”

ညီခမှာလည်း လေသံပျော့လေးဖြင့်...

“ဟုတ်တယ်၊ အဲဒါကလည်း နင်တို့နဲ့ မပတ်သက်ပဲ မနေနိုင်လို့ပါဟာ”

ယမင်းမှာ မျက်လုံးဝိုင်းကာ နားမလည်နိုင်သေးပါ။

“ဘာတွေ လာပြောနေတာလဲ၊ နင်တို့ နှစ်ယောက်လုံးက အစမှာ တစ်ယောက်ထဲကို ဝိုင်းလိုက် ပြီး နောက်ကျတော့လည်း တစ်ယောက်ထဲ ကိုပဲ ပြောင်းလိုက်ကြတာပဲ၊ တစ်ယောက်စီကို တစ်ယောက်က လိုက်တာမှ မဟုတ်တာ”

သူမ စကားကြောင့် သူရက ညီခဘက် လက်ညှိုးထိုး၏။

“ဒါဆို ... မင်း... ”

ညီခလည်း သူ့စကား မစခင်မှာပင်...

“ငါ့ကို အပြစ်မတင်ချင်နဲ့ဦး ဟော့ကောင်... ငါက



နောက်ကျမှသာ ‘သူ’နောက်လိုက်တာ အရင်က ‘သူ’ကိုလိုက်တာ၊ မင်းပြထားတဲ့အတိုင်း အတိအကျ”

ဟု ကောင်မလေးတစ်ယောက်စီကို ညွှန်ပြ၍ ပြော၏။

သူရမှာ မျက်နှာ ရှုံ့မဲ့သွားရင်း

“ဟာ... ဘယ်ကလာ ငါပြသလိုရမှာလဲ မင်းအတွက်ဆိုပြီး ငါပြတာ ‘သူ’ လေ”

ဟု ယမင်းဆီ လက်ညှိုးထိုးပြလေ၏။ ညီခက ပြန်ငြင်း၏။

“ကျွတ်... မဟုတ်ပါဘူး၊ ‘သူ့’ကို အရင်က မင်းပဲ လိုက်မယ်လုပ်တာပါ”

“ဟာ ! ဘယ်ကဟုတ်ရမှာလဲ”

“ဟုတ်တယ်... ဟော့ကောင်၊ မင်းပဲပြောတယ် လေ၊ အနွေးထည် အပြာရောင်ဝတ်ထားတဲ့တစ်ယောက်က မင်းလိုက်မှာဆို... အဲဒါ ‘သူ’ ပေါ့”

သူတို့ပြောနေသည်ကို လိုက်နားထောင်

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ သဘောပေါက်စ ပြုလာသော ယမင်းမှာ မနေနိုင်တော့...

"ဩော်... လက်စသတ်တော့ နင်တို့က ငါတို့ကို အရုပ်တွေလို ခွဲတမ်းချပြီး ယိုက်နေတာကိုး၊ တောက်... အဓိပ္ပါယ်မရှိတာဟာ"

"ဟာ... မဟုတ်ပါဘူး၊ ငါတို့က"

"ဘာမှ လာပြောမနေနဲ့၊ နင်တို့ကို ငါ စိတ်အရမ်းဆိုးတယ်၊ နင်တို့တွေ ဦးနှောက်ရော မှန်သေးရဲ့လားဟင်"

"ဟာ... အဲဒီလို မဟုတ်ပါဘူး"

ကောင်လေးနှစ်ယောက်နှင့် ယမင်း ထိုသို့ အခြေအတင်ဖြစ်နေစဉ်မှာပင် တစ်ချိန်လုံး မျက်မှောင်ရှုံ့ကာ စဉ်းစား နေသော သံစဉ်က ဝင်၍...

"ဟဲ့... နေဦး... အင်း... ငါ မှတ်မိပြီ၊ အဲ့ဒီ နေ့က နင်တို့နားရောက်မှ သူက ငါ့ဆီက အနွေးထည်ကို ယူဝတ်လိုက်တာ"

ဟု ယမင်းဆီ လက်ညှိုးညွှန်ကာ ပြောလိုက်



၏။ ပြီးတော့ စကားမဆက်တော့။ သူမလက်ညှိုးမှာ ယမင်းဆီ ထိုးထားဆဲ၊သူမ၏ စိမ်းဆတ်ဆတ် အကြည့်ကလည်း ယမင်းဆီ ကြည့်နေဆဲ၊ ယမင်းမှာ ထိုအကြည့်ကို သတိပြုမိသွားခဲ့၏။

"ငါ့ကို အဲဒီလို မကြည့်နဲ့ သံစဉ်၊ အဲဒီနေ့က နင်ပေးလို့ ငါ ယူဝတ်တာ၊ ငါအတင်းတောင်း ယူတာ မဟုတ်ဘူး"

"ဟင်... နင့်ကိုငါ ဘာပြောရသေးလို့လဲ"

"ဟုတ်ပါတယ်၊ နင်ဘာမှတော့ မပြောပါဘူး... ဒါပေမယ့် နင် ဘာအဓိပ္ပါယ်နဲ့ ကြည့်လဲဆိုတာ ငါသိတယ်"

ကောင်မလေး နှစ်ယောက် ထိုသို့ လှမ်းစကားများနေကြစဉ် သူရကလည်း ညီခကို အပြစ်တင်၏။

"ဒါတွေ အားလုံး မင်း မသေချာလို့ ဖြစ်ရတာ ချည်းပဲကွာ၊ မင်းက အသုံးကို မကျဘူး"

"ဘာဆိုင်လို့လဲကွ၊ အဲဒီနေ့က မင်းငါ့ကို သေချာမပြပဲ ထွက်သွားလို့သာ ဖြစ်ရတာ၊ လူကို လာ

www.burmeseclassic.com

www.burmeseclassic.com



မစော်ကားနဲ့ ဟော့ကောင်"

"ဟာ... ငါက ဘယ်မှာ စော်ကားလို့လဲ"

"ခုနက မင်းပြောတဲ့ စကားလေကွာ၊ ငါ့များ အသုံး မကျဘူးလေး ဘာလေးနဲ့ လူရှေ့ သူရှေ့မှာ မင်း ငါ့ကို အဲဒီလို ပြောစရာ မလိုပါဘူး"

သူတို့နှစ်ယောက်အသွင်က ထိုးတော့ ကြိတ်တော့မလို၊ ကောင်မလေး နှစ်ယောက်မှာလည်း အချင်းချင်း စကားများနေရာမှ...

"တော်ပြီဟာ၊ ငါ ဘာမှ မပြောချင်တော့ဘူး၊ သွားမယ်"

ဟုပြောရင်း သံစဉ်က စတင်ကာ လှည့်ထွက်သွားလေ၏။ ယမင်းကလည်း ငုံ့မခံ။

"အေးပါ... ငါကလည်း ဘာမှ ပြောမနေချင်ပါဘူး"

ဟုဆိုကာ အခြားဘက်သို့ ထွက်သွားသည်။ သူရနှင့် ညီခမှာလည်း ထို့အတူပါပင်...

"သွားမယ်ကွာ၊ မင်းနဲ့ ငါ စကားပြောမနေချင်



တော့ဘူး၊ တော်ပြီ"

ဟု သူရက ထွက်ခွာရန် ပြုသောအခါ ညီခကလည်း

"ဟင်... ငါကလည်း မင်းနဲ့ စကားပြောချင်နေတာ မဟုတ်ပါဘူး"

ဟုဆိုကာ အခြား တဘက်ကို ထွက်သွားလေ၏။

ထိုသို့ဖြင့်ပင် သူတို့ လေးယောက်သားမှာ ဒေါသကိုယ်စီဖြင့် ဆန့်ကျင်ဘက် အရပ်လေးမျက်နှာဆီသို့ တစ်ဦးကို တစ်ဦး ကျောခိုင်းကာ ထွက်ခွာသွားကြပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုညတွင် အဆောင်ရှေ့၌ လာရောက် တီးခတ်သော ဂစ်တာသံကို ယမင်းရော သံစဉ်ပါ ကြားကြရလေသည်။

အိပ်မပျော်နိုင်ကြသော ကောင်မလေးနှစ်ယောက်လုံးက ပြတင်းတံခါးများ ဖွင့်ကာ လှမ်းကြည့်မိကြသည်။

ဂစ်တာ လာတီးကြသည်မှာ ညီခနဲ့သူရ။

တိုက်တိုက်ဆိုင်ဆိုင်ပင် နှစ်ယောက်လုံး တီးခတ်ဖြစ်သော သီးချင်းတွေက သွားတူနေသည်။



တစ်ယောက်တစ်နေရာစီ ထိုင်ကာ တီးခတ်နေကြရာမှ တစ်ယောက်ကို တစ်ယောက် မကြည့်မလင် လှမ်းကြည့်မိကြသည်။

သီချင်းချင်း တူနေသဖြင့် တီးလက်စကို နှစ်ယောက်လုံး ဖြုန်းကနဲ ရပ်လိုက်၏။

ပြီးတော့ နောက်သီချင်းတစ်ပုဒ်ကို ထပ်စ,တင်ရန် ခေတ္တ စဉ်းစားကြသည်။

ထို့နောက် ဂစ်တာကြိုးများပေါ်ဝယ် လက်များ ရွေ့ပြောင်းပြေးလွှားကာ နောက်သီချင်း တစ်ပုဒ်ကို စတင်ကြလေသည်။

ဆိုးရွားလှစွာပင် ဒီတစ်ခါမှာလည်း သီချင်းချင်းက သွားတူနေပြန်ပါသည်။

နှစ်ယောက်စလုံး 'တောက်'တစ်ချက်စီကို ပြင်းပြင်းထန်ထန် ခေါက်ပြီး၏။ ပြီးတော့ တစ်ယောက်ကို တစ်ယောက် ဒေါသမျက်နှာဖြင့် ဘက်ကန် လှမ်းကြည့်ကြရင်း၊ ဆတ်ကနဲ မျက်နှာပြန်လွှဲကာ ဆန့်ကျင်ဘက် အရပ်များဆီသို့ ဆောင့်ကြီး အောင့်ကြီး ထွက်ခွာသွား

www.burmeseclassic.com

www.burmeseclassic.com



ကြလေတော့သည်။

အဆောင်ထဲက၊ အခန်းထဲမှာလည်း

ကျန်ခဲ့သူ ကောင်မလေး နှစ်ယောက်မှာ

တစ်ယောက်ကို တစ်ယောက် မျက်စောင်းတွေ

အပြန်အလှန်ထိုးလျက် မခေါ်နိုင်မပြောနိုင်ဖြင့်...

❦❦❦

အစကတော့ ဒေါင်းသီမောင်းသီနှင့် ဝင်လာခြင်း ဖြစ်သော်လည်း အဆောင်မှူးခန်းထဲ သေသေချာချာ ရောက်သောအခါ ယမင်းမှာ ရှို့တွန့်တွန့် ဖြစ်သွားခဲ့လေသည်။

စားပွဲတွင် ထိုင်နေရာမှ မျက်မှန်ပေါ်ကျော်ကာ မျက်လုံးပင့် မော့ကြည့်ရင်း အဆောင်မှူးက မေးလိုက်သည်။

“ကဲ ၊ သမီး... ပြော၊ ဘာကိစ္စလဲ”

“ဟို ကျွန်မ... အခန်းပြောင်းချင်လို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ လာပြန်ပြီ တစ်ယောက်၊ ခုန သံစဉ်ကလဲ ဒီအခန်းပြောင်းဖို့ ကိစ္စကိုပဲ လာပြောနေတယ်၊ သမီးတို့က အရင်တုန်းက တော်တော် ချစ်ကြပါတယ်။ အခု ဘယ်လိုဖြစ်ကြတာလဲ"

အဆောင်မှူး၏ စကားသံမာမာကြောင့် ယမင်းခများ ပို မရွှံ့မရဲ ဖြစ်သွားသည်။

"ဘာ... ဘာမှ မဖြစ်ပါဘူး"

အဆောင်မှူးက သက်ပြင်းချရင်း လက်တစ်ဘက်ဖြင့် မျက်မှန် ချွတ်လိုက်ကာ ပြော၏။

"အေးလေ... သမီးတို့ကြားက ပြဿနာကိုတော့ သမီးတို့ပဲ သိမှာပေါ့၊ ဒါပေမယ့် လောကမှာ သူငယ်ချင်းကောင်းဆိုတာတော့ ရှားတယ်ကွဲ့၊ ကိုယ့်ဘက်ချည်းပဲလဲ မကြည့်နဲ့၊ ကိုယ့်အလိုဆန္ဒချည်း ပဲလဲ မလိုက်ကြနဲ့၊ တစ်ချို့ဆို သူငယ်ချင်းအတွက် အသက်စွန့်ပြီးတောင် အနစ်နာခံကြသေးတာပဲ"

သူ ဘယ်လိုပြောပြော ယမင်းမှာ ခေါင်းကြီးသာ ငုံ့ကာ နေ၏။ နားလည်အောင် ဆုံးမသော်လည်း နားဝင်ပုံမပေါ်။ နေရာမှလဲ မရွေ့။ အခန်းပြောင်းချင်နေသည်ကိုလည်း လက်လျှော့မည့်ပုံ မပေါ်ပါ။



နောက်ဆုံး အဆောင်မှူးကသာ သက်ပြင်းချ၍ လက်ဝှေ့ယမ်းကာ စကားကို ပိတ်ပြောလိုက်ရလေ၏။

"အခန်းပြောင်းဖို့ကတော့ လောလောဆယ် မဖြစ်နိုင်သေးဘူးကွဲ့၊ အကုန်လုံး သူ့လူနဲ့သူ ပြည့်နေကြတယ်၊ နောက်ပိုင်း အဆင်ပြေရင်တော့ ချက်ချင်းစီစဉ်ပေးပါ့မယ်ကွယ်"

ထိုအခါမှပဲ ယမင်းက မျက်နှာပြန်မော့သည်။

"အဲဒါဆိုလဲ သမီးသွားလိုက်ပါဦးမယ်ရှင်"

ဟု ခပ်တိုးတိုးပြောကာ ထွက်ခွာသွား၏။

အဆောင်မှူးမှာတော့ သက်ပြင်းတစ်ခုသာ ထပ်ချရင်း ခေါင်းတရမ်းရမ်း ကျန်ရစ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ညီခနဲ့သူရတို့မှာ ခွဲခြား ကျောခိုင်း၍ ရကောင်းသူများ မဟုတ်။ တစ်ယောက်နဲ့ တစ်ယောက် ရေစက်ပါလာသည်ဟု ဆိုရမလောက်ပင် စိတ်ချင်း၊ အတွေးချင်း ဆက်စပ်နေသူများ ဖြစ်သည်။

သံစဉ်နှင့် ယမင်းမှာလည်း ထို့အတူပင်...

ထို့ကြောင့်မို့လည်း ပြဿနာတွေ ပေါ်လာရခြင်း ဖြစ်၏။ ဘောလုံးသမား စကားအရ ပြောရလျှင်တော့ ကစားပေါက်ချင်း တူသည့်အတွက် နေရာတွေ ထပ်ပြီး တွန်းတိုက်မိကြခြင်းပေါ့။



အဆောင်ရှေ့ ဂစ်တာလာတီးစဉ် လာတူနေကြသည့် နေ့တူ၊ နောက်နေ့ သံစဉ် အဆောင်ရှေ့သို့ ထွက်လာ သည်ကို လာစောင့်ဖြစ်ကြတော့လည်း အတူတူပင် ဖြစ်နေသည်။

သံစဉ်နောက် လိုက်ကြမယ်မှ မကျန်သေး အချင်းချင်း တစ်ယောက်ကိုတစ်ယောက် တွေ့သွားကြပြီး ရန်စောင်ကာ နှစ်ယောက်လုံး လှည့်ပြန်သွားကြလေ၏။

သူတို့ကို တွေ့လိုက်သဖြင့် 'ငါတော့ လိုက်ကြတော့မှပဲ'ဟု ကြိတင် တွက်ဆထားသော သံစဉ်မှာတော့ အူကြောင်ကြောင်ဖြင့်သာ တစ်ယောက်ထဲ ကျန်ရစ်ရတော့သည်ပေါ့။

ယမင်းမှာလည်း ထို့အတူပင်...

ကျောင်းတော်ရစ်တာ တစ်လျှောက် သူမဖြတ်လာတာကို ရပ်စောင့်နေကြသော သူရနှင့် ညီခကို လှမ်း တွေ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ မမြင်ချင်ယောင်ဆောင်ကာ ဟန်မူဖို့ ပင်မှ မကြဲသေးခင် ကောင်လေးနှစ်ယောက်သည် အချင်းချင်းတွေ့သွားကြပြီး အံကြိတ် မျက်နှာရှုံ့မဲ့ပြကြလျက် ချာကနဲ တစ်ယောက်နဲ့တစ်ယောက် ကျောခိုင်း ထွက်သွားကြလေသည်။

ယမင်းမှာ မအီမလည်ဖြင့်သာ ကျန်ရစ်ရတော့သည်ပေါ့။

အခုလိုမျိုး တိုက်ဆိုင်နေကြတော့ ဒေါသတွေထွက်ရသည့်ကြားမှ ညီခနှင့်သူရမှာ ရယ်လည်းရယ်ချင်မိကြလေသည်။

ဩော် ဖြစ်မှ ဖြစ်တတ်လေတယ်ဟု သက်ပြင်းချမိကြ၏။

ပြီးတော့ ငယ်ငယ်ကထဲက ပေါင်းလာခဲ့သူများမို့ ယခုလို အကြာကြီး မခေါ် မပြောနေရတော့ နေမထိ ထိုင်မသာ ဖြစ်ခဲ့ကြသည်။

ဘယ်နေရာကို မဆို သွားအတူ၊ စားအတူ



ဆိုတော့ ခုအတိုင်း နေရတာက တစ်ခုခု လိုနေသလို အချင်းချင်း ပြန်ပြေလည်ဖို့လဲ မျှော်လင့်မိကြ၏။ သို့သော် ကိုယ်က စခေါ် ရမှာလည်း ရှက်မိ သည်လေ။ သံစဉ်နဲ့ ယမင်းမှာတော့ ပိုဆိုးသည်ပေါ့။တစ်ဆောင်ထဲကစ်ခန်းသဲမှာ အချိန်တိုင်း မျက်နှာချင်းဆိုင်ကြီး မြင်နေကြရပြီး၊ မပေါင်းသင်း မဆက်ဆံဘဲ နေကြရတော့ အတော် အူကြောင်ကြောင် ဖြစ်နေကြ၏။

ဒေါသထွက်တုန်းကသာ တစ်ယောက်ကိုတစ်ယောက် စိတ်တွေဆိုးကြသော်လည်း အချိန်တွေကြာသွားတော့ ဒေါသရှိန်ပြေပြီး ပြန်ခေါ်ချင်ကြပြီ။

မာနတွေကြောင့်သာ တင်းခံနေကြခြင်း ဖြစ်၏။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် ရွာချလိုက်သော မိုးက သူတို့ ၄ယောက်အား အခြေအနေ တစ်ရပ်ကို တွန်းပို့လိုက်ခြင်း ဖြစ်သည်။

မိုးမရွာမီက ကန်တင်းထဲတွင် သူတို့လေးယောက် တစ်ယောက်ကို တစ်ယောက် သတိမထားမိပဲ ထိုင်နေကြခြင်း ဖြစ်၏။

နေ့လည် မုန့်စားဆင်းချိန်မို့ ကန်တင်းထဲမှာ လူပြည့်ကြပ်နေသည်။ ဗိုက်ဆာလာသူတွေက များတော့ စားပွဲထိုးတွေမှာ လက်မလည်။ ကန်တင်း၏



နေရာ အသီးသီး၌ တစ်ယောက်စီထိုင်နေကြသော ညီခါ၊ သူရ ယံစဉ်နှင့် ယမင်းတို့မှာလည်း မှာထားသော အစား အသောက်များ မရသေးသည်မို့ အနီးအနား ဖြတ်သွားသော စားပွဲထိုးများကို တကျီကျီ နားပူနားဆာ လုပ်နေ ကြရလေ၏။

အတန်ကြာမှပင် သူတို့ကိုယ်စီအတွက် အစား အသောက်များ ရောက်လာကြ၏။

စားသောက်မည်မှ မကြံကြသေးခင် မိုးက ရွာချ လာခဲ့လေသည်။

ဝရန်းသုန်းကား ထပြေးကြသော လူများ နည်းတူ သူတို့ ၄ယောက်မှာလည်း အသီးသီး မိုးလွတ်ရာ အမိုးအကာအောက်ဆီ ရွှေ့ခဲ့ကြ၏။ အလုအယက် နေရာယူကြတာဆိုတော့ ခုံတိုင်းလိုလိုမှာက လူရှိနေ၏။ နောက်ဆုံး စားပွဲအလွတ် တစ်ခုသာ ကျန်ခဲ့သည်။ ထိုစားပွဲဆီကို တိုက်တိုက်ဆိုင်ဆိုင်ပင် ခုံဦးတမ်း ကစားသလို လေးယောက်သားမှာ တစ်နေရာစီမှ အပြေးအလွှား ရောက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညီခ၊ သူရ၊ သံစဉ် နှင့်ယမင်းတို့မှာ စားပွဲထောင့် တစ်နေရာစီတွင် ရပ်တန့်လျက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ဘာလုပ်ရယ်မှန်း မသိ။ အချင်းချင်း ရှက်အမ်းအမ်း ဖြစ်ကုန်ကြ၏။ ခေါင်းတွေအသီးသီး ငုံ့ကုန်ကြသည်။

နောက်မှ ကောင်လေးနှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြရင်း ပြုံးစေ့စေ့မျက်နှာထားမှ အချင်းချင်း ပြုံးပြမိကြသည်။ ပြီးတော့တစ်ပြိုင်တည်းလိုလိုပင် တစ်ယောက်ကိုတစ်ယောက်လက်ကမ်းပေးကြ၏။ ထို့နောက် အားရပါးရ လက်ဆွဲနှုတ်ဆက်ကြသည်။ ပြေလည်သွားပြီဆိုသည့်သဘော...

သူတို့ နည်းတူပင် သံစဉ်နှင့်ယမင်းမှာလည်း တစ်ယောက်ကိုတစ်ယောက် ပြုံးကာ ခေါင်းဆတ်ပြရင်း အချင်းချင်း ပြန်တည့်သွားကြလေသည်။

သူငယ်ချင်း နှစ်စုံတွဲမှာ အချင်းချင်း ရပ်ပြုံးပြနှုတ် ဆက်နေကြပြီးမှ ကောင်လေးတွေက သတိရလာဟန် ဖြင့် ကောင်မလေးတွေဘက် လှည့်ပြောလိုက်သည်။

"နင်တို့ကိုလဲ တောင်းပန်ရဦးမယ်၊ ငါတို့က ယုတ်မာတဲ့ သဘောမျိုးနဲ့ နင်တို့ကို အထင်သေးပြီး ချဉ်းကပ်ခဲ့တာမျိုး မဟုတ်ပါဘူးဟာ၊ နင်တို့ပြောသလိုပါပဲ၊ ငါတို့က တကယ့်ကို ရှုးကြောင်ကြောင်တွေ လုပ်ခဲ့မိတာပါ၊ ငါတို့က အချစ်နဲ့ ပတ်သက်ရင် လုံးဝ အတွေ့အကြုံ မရှိပါဘူး၊ ဒါကြောင့် မရည်ရွယ်ပဲ ပေါ့ပျက်ပျက်တွေ ဖြစ်ခဲ့ရတာပေါ့၊ ဒါပေမယ့် ငါတို့ စိတ်ထဲမှာ နင်တို့ကို တကယ်တန်ဘိုးထားတယ်ဆိုတာတော့ ယုံပါဟာ"

ညီခက ထိုသို့ စ,ပြောလိုက်သည်ကို သူရကလည်း ထောက်ခံ၏။

"ဟုတ်တယ်၊ ငါတို့မှာ အပြစ်မရှိဘူးတော့ မဟုတ်ပါဘူး၊ ရှိပါတယ်၊ အဆိုးဆုံး အမိက အပြစ်ကတော့ ငါတို့ မပြတ်သားခဲ့ဘူး၊ ဘယ်သူ့ကို ချစ်တာလဲ၊ ဘယ်သူ့ကို ရင်ထဲမှာ တကယ်တမ်းရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ ဆိုတာ မရေရာခဲ့ဘူး၊ ဒါကလည်း ကြုံရတဲ့ အခြေအနေတွေနဲ့ ဒီကာလတိုလေးအတွင်းမှာ ဖြစ်ပျက်သွားခဲ့တဲ့ အပြောင်းအလဲတွေကြောင့်လည်း ပါတာပေါ့၊ ငါတို့ တွေဝေနေတာလဲ ပါပါတယ်လေ... အခုတော့ ငါတို့တွေ ပြောင်းလဲသွားပါပြီ"

သူရ စကားဆုံးသည့်အခါ ညီခက တစ်လှည့် ထပ်ပြောသည်။

"အေးဟာ... အချစ်ကို ပေါ့ပေါ့လျော့လျော့နဲ့ မတွေ့ကြုံချင်တော့ဘူး၊ ကိုယ့်ရင်ထဲက တကယ်ချစ်တဲ့သူကို အသေအချာ သိအောင် စဉ်းစားမယ် ပြီးမှ အဲဒီတစ်ယောက်ထဲကိုပဲ လေးလေးနက်နက် အချစ်တွေ အကုန်ပုံအပ်တော့မယ်"

သံစဉ်နှင့် ယမင်းကတော့ ဘာမှ မတုံ့ပြန်သေး။ သူတို့ကို လေးလေးနက်နက်ကြည့်ရင်း သူရက မျက်နှာငယ်လေးဖြင့်...

"ငါတို့ရဲ့ အရင်က အပြုအမူတွေကို နင်တို့



သဘော မကျခဲ့ပေမယ့် အခုပြောတာတွေကိုတော့ လက်ခံနိုင်လိမ့်မယ် ထင်ပါတယ်ဟာ"

ဟု တီးတိုးရေရွတ်သည်။ သံစဉ်နှင့် ယမင်းမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အချင်းချင်း မေးငေါ့ မျက်ရိပ်ပြရင်း ကောင်လေးတွေကို ရုတ်တရက် ဘာပြန်ပြောရမယ်မှန်း မသိ ဖြစ်နေမိ၏။

သူတို့ကို တစ်ယောက်တလဲ ပြောနေရာမှ ကောင်လေးနှစ်ယောက်မှာလည်း အချင်းချင်း လှမ်းကြည့်ရင်း...

"ဟေ့ကောင်၊ မင်းကိုလဲ ငါ ပြောရဦးမယ်၊ ဟိုနေ့က ငါ့စကားတွေ လွန်သွားတယ်ကွာ၊ ဆောရီးပါ"

ဟု ပြောလိုက်သည်။ ညီခ၏ တောင်းပန်စကားကို ကြားသည့်အခါ သူရက...

"ဟာ... ရပါတယ်ကွာ၊ အဲ့ဒီနေ့က ငါကသာ လွန်သွားခဲ့တာပါ"

သူတို့နည်းတူ ယမင်းကလည်း သံစဉ်ကို လှမ်း တောင်းပန်၏။

www.burmeseclassic.com

www.burmeseclassic.com



“ငါလဲ နင့်ကိုတောင်းပန်ပါတယ်ဟာ၊ ငါက သိပ်ကလေးဆန် သွားမိတယ်”

“မဟုတ်ပါဘူးဟာ၊ ငါကိုကလည်း မကောင်းတာပါ။ ဒါပေမယ့် ဒီအဖြစ်ကြောင့်ပဲ ငါတို့တွေရဲ့ သံယောဇဉ်ကိုလဲ ပိုသိသာသွားရတယ်နော်”

“အေးဟာ... နင်နဲ့ မခေါ်ပဲနေရတာ ဘယ်လိုမှ အဆင်မပြေဘူး”

ထိုသို့ နှုတ်ဖြင့် အချင်းချင်း အပြန်အလှန် ကျေအေးကြပြီးသောအခါ ညီခက ကောင်မလေးတွေဆီ လှမ်းမေးလိုက်သည်။

“ဒါနဲ့... နင်တို့မှာရော... ငါတို့အတွက် အဖြေအသေအချာ ရှိနေပြီလား”

“အမှန်အတိုင်းပြောရရင်တော့ ငါတို့လဲ မသေချာပါဘူးဟာ၊ ဒါဟာ တို့အတွက်လဲ ပထမဦးဆုံး အတွေ့အကြုံဆိုတော့ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ဖို့ သတိမရခဲ့မိဘူး”

သံစဉ်၏ အဖြေကို ယမင်းကလည်း ခေါင်း



တညိတ်ညိတ်နှင့် သူမလည်း သဘောတူသည် ဆိုသည့်သဘော...

သူရကမေးသည်။

“အဲဒါဆိုရင်တော့ နင်တို့လည်း ပြန်စဉ်းစားဖို့ လိုပြီပေါ့”

သူ့စကား မဆုံးခင် ညီခက တွေးတွေးဆဆဖြင့်...

“ဒါပေမယ့် ဒီအခါမှာ ကောင်လေးနှစ်ယောက်လုံးက ကောင်မလေး တစ်ယောက်ထဲကို ရွေးမိကြပြီး ကောင်မလေးတွေဘက်ကလည်း ကောင်လေးတစ်ယောက်တည်း သွားဖြစ်နေရင်ရော... ဘယ်လိုလုပ်မလဲ”

ထိုအခါကျမှ သံစဉ်ကလည်း တွေးမိသွားသည်။

“ဟင်... အဲဒါဆိုရင်တော့ ဒုက္ခပဲ၊ တစ်တွဲက အဆင်ပြေသွားတောင် ကျန်တဲ့ နှစ်ယောက်က ဘယ်လိုနေမလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီအတိုင်းဆို ရှေ့လျှောက်မှ သူငယ်ချင်းတွေ အချင်းချင်း ဆက်ဆံဖို့တောင် ခက်သွားပြီ"

ဟု သူရကလည်း သူစဉ်းစားမိသည်ကို ဖြည့်စွက်၏။ ထိုအခါကျမှ ယမင်းက...

"ဒါဆို... တို့ ဒီလိုလုပ်ကြရအောင်ဟာ... အခု ငါတို့တွေက ပြေပြေလည်လည်နဲ့ အတွဲနှစ်တွဲ ဖြစ်မသွားခဲ့ဘူးဆိုရင် ငါတို့ဖို့ ဘယ်လိုမှ စိတ်ချမ်းသာစရာ ဖြစ်မှာမဟုတ်ဘူး၊ ပေါင်းမိသွားတဲ့ နှစ်တွဲကရော ကျန်တဲ့ နှစ်ယောက်ကရော ဘယ်လို မျက်နှာမျိုးတွေနဲ့ အချင်းချင်း ဆက်ရင်ဆိုင်ကြမလဲ၊ ဒီတော့ နှစ်တွဲ တည့်တည့် ဖြစ်မလာခဲ့ဘူး ဆိုရင်တော့ တို့ ဒီဇာတ်လမ်းကို နိဂုံးချုပ်လိုက်ကြရအောင်"

သူမ စကားကြောင့် ညီခ မျက်ခုံး ပင့်သွားသည်။

"နိဂုံးချုပ်မယ်"



သူ့စကားကို သံစဉ်က တုံ့ပြန်၏။

"အင်း... ဟုတ်တယ်... ကိုယ့်သူငယ်ချင်းကို ကိုယ် တစ်သက်လုံး မျက်နှာပူနေရမယ့် အဖြစ်မျိုး နဲ့ သူငယ်ချင်းချင်း ရည်းစားလုနေရမယ့် အဖြစ်မျိုး ရောက်သွားတယ် ဆိုရင်တော့... တို့တွေ ရှေ့ဆက် မတိုးကြတာ ကောင်းပါတယ်လေ"

သူရက သက်ပြင်းချသည်။

"ဟုတ်ပါတယ်လေ... ငါတို့ ယောကျ်ားလေးတွေကလည်း ချစ်နေတဲ့ ကောင်မလေးချင်း မတူပဲ နင်တို့မှာလဲ သီးခြားဖြစ်နေကြမှ ကောင်းမှာ"

"အဲဒါဆို ငါတို့ ဘယ်နှစ်ရက်လောက် စဉ်းစားကြမလဲ"

ညီခက ထိုသို့ မေးသည့်အခါ ယမင်းက...

"နှစ်ပတ်လောက် ဆိုရင်တော့ လုံလောက်ပြီနဲ့တူတယ်"

သံစဉ်က နောက်ဆုံးအနေဖြင့်...

"စဉ်းစားပြီးတဲ့ အခါကျရင်တော့ ကိုယ်ရွေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူနာမည် ကို စာနဲ့ရေးပြီး စာအိတ်လေးနဲ့ ထည့်ယူလာကြတာပေါ့ဟာ၊ ဒါမှ အဆင်မပြေတဲ့အခါ ညင်ညင် သာသာလေး နောက်ဆုတ်လိုက်ကြလို့ ရတာပေါ့။ စာတွေ ဖွင့်ကြည့်ပြီးတာနဲ့ မအိုကေရင် စကားတစ်ခွန်းမှ ပြောနေစရာ မလိုပဲ လမ်းခွဲလိုက်နိုင်တာပေါ့"

သူရက သဘောတူကြောင်း ပြောရင်း...

"အေး... အဲ့ဒီစာတွေကို နောက်နှစ်ပတ်ကျရင် ဒီလိုအချိန်အတိုင်း ၁၂ နာရီတိတိမှာပဲ ကျောင်းနားက ပန်းခြံထဲမှာ ဆုံပြီး ဖွင့်ကြတာပေါ့"

ဟု စကားကို အဆုံးသတ်လိုက်လေသည်။

အပြင်မှာ မိုးကလည်း သည်းသွားပြီ၊ ပြောဆိုစားသောက်လို့လည်း ပြီးသွားပြီမို့ လေးယောက်သားမှာ အတွေးကိုယ်စီဖြင့် လမ်းခွဲခဲ့ကြလေတော့၏။

စာရွက်ကလေးကို အကြာကြီး စိုက်ကြည့်နေရင်း ယမင်း သက်ပြင်းတွေသာ ခဏခဏ ချနေမိသည်။

လက်ထဲမှာ လှည့်ပတ်ဆော့ကစားမိနေသော ဘောပန်လေးကလည်း သူမ ရင်ခုန်သံနှင့် အပြိုင်လှုပ်ရှားနေမိ၏။

ဒီဘောပန်ထိပ်ဖျားလေး စာရွက်မျက်နှာပြင်ဆီ လာရောက်ရန် ခရီးသည် အလွန်ခက်ခဲ ပင်ပန်းလှသလို ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အတွေးတွေထဲတွင်တော့ စကားတွေ များစွာ ပြောနေမိသည်။

"သံစဉ်နဲ့ ငါဆိုတာ သိပ်ချစ်ကြတဲ့ သူငယ်ချင်း တွေပဲ၊ တို့… နှစ်ယောက်မှ ခုလို အဖြစ်မျိုး ကြုံနေရတာ မကောင်းဘူး၊ ဘာပဲဖြစ်ဖြစ် ငါကပဲ အလျှော့ပေးရမယ်၊ ချစ်၊ ချစ်… မချစ်ချစ် သံစဉ် ကြိုက်နေတဲ့ တစ်ယောက်ကိုတော့ ငါမရွေးဘူး၊ တခြား တစ်ယောက်ကိုပဲ ရွေးမယ်"

ထိုသို့ ဆုံးဖြတ်လိုက်ပြီးသောအခါ ပန်းနု ရောင် စာရွက်လေးပေါ်တွင် တစ်စုံတစ်ခု ရေးချရန် ပြင်၏။

ဘောပန်နှင့် စာရွက် ထိတွေ့ပြီးမှ ခဏရပ် တန့်သွားပြီး စဉ်းစားပြန်သည်။

"သံစဉ်ကရော ဘယ်သူ့ကြိုက်နေမယ် ထင်သလဲ … အင်း"

ဤသို့ဖြင့် ယမင်းသည် နာမည်လေး တစ်လုံး ကို စာရွက်ပေါ် ခပ်လေးလေးကန်ကန်ဖြင့် ရေးချလိုက်



လေတော့၏။ ပြီးတော့ ဘာကြောင့်ရယ်မသိ၊ စာရေး စားပွဲပေါ် ခေါင်းမှောက်၍ သူမ လှဲအိပ်နေလေ၏။

●●●

www.burmeseclassic.com

www.burmeseclassic.com

သံစဉ်ကတော့ ပေဒင်ခန်း တစ်ခုထဲ ရောက်နေလေသည်။

သို့သော် သူမက ပေဒင်မေးတာ မဟုတ်၊ ပေဒင် သွားဟောသလို ဖြစ်နေသည်။ ပေဒင်ဆရာရှေ့ ထိုင်ခုံမှာ ဝင်ထိုင်ပြီးကတည်းက အကြောင်းစုံကို ပြောလိုက်သည့်ဖြစ်ခြင်း။

ပေဒင်ဆရာမှာ ပါးစပ်အဟောင်းသား ဖြစ်ကာ နားထောင်နေရ၏။

ရေပက်မဝင်အောင် ပြောလို့အားရပြီဆိုမှ



မေးသည်က တစ်ခွန်းတည်း...

"အဲဒါ သမီး ဘယ်သူ့ကို ရွေးရမလဲ"

ထိုအခါမှပင် ပေဒင်ဆရာမှာ နားချမ်းသာခွင့် ရတော့သည်။ စားပွဲပေါ်ရှိ ကျောက်သင်ပုန်းကို ကောက်ကိုင်လိုက်ရင်း ဟိုးရေး ဒီခြစ် လုပ်၏။

"သမီးက ၁၃၅၀ ခုဖွားနော်၊ ၅၀ ဆိုတော့ ၁၇ နှစ်... အင်း... လက သီတင်းကျွတ်မှာ မွေး တာ၊ သောကြာသမီး... အင်း... ရွေးရမယ့် သူတွေက သူရရယ်၊ ညီခရယ်နော်... အင်း... သူရ. . . ညီခ၊ ညီခ ... သူရ၊ သူရ... ညီခ"

ပေဒင်ဆရာသည် ကျောက်သင်ပုန်းပေါ်တွင် ရေးလိုက်ဖျက်လိုက်နှင့် အပြန်ပြန်အလှန်လှန် တွက်ချက် နေလေ၏။ ပါးစပ်ကတော့ ဘာရယ် မဟုတ် ဘဲ ညီခနဲ့ သူရ နာမည် နှစ်လုံးကို ရေရွတ်နေမိသည်။

ထိုသို့ သူ နာမည် နှစ်ခုအား တစ်လှည့်စီ ရေရွတ်နေသည်ကို နားထောင်နေရင်းမှ သံစဉ် မျက်နှာ ထားမှာ တဖြည်းဖြည်း ပြောင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးများ ရှုံ့မိရာမှ ပြန်ပြေသွားပြီး မျက်လုံးများ ဝိုင်းစက်ကာ နှုတ်ခမ်းတွေက ပြုံးယောင်သန်းလာရင်း ပေဒင်ဆရာရှေ့ရှိ အလှူခံဖလားတွင် အလှူငွေ ထည့်လျက် ချာကနဲ လှည့်ထွက်လေတော့၏။

ပေဒင်ဆရာမှာတော့...

"ဟဲ့ သမီး၊ နေဦးလေ၊ ဒီမှာ ပြီးတော့မှာ ဘယ်သူ့ ရွေးရမလဲဆိုတာ ကြည့်မသွားတော့ဘူးလား၊ ဟာ ဒီကောင်မလေး တယ်ခက်တာပဲ၊ အင်း... သူရ... ညီခ၊ ညီခ... သူရ"

ဟူသာ ရေရွတ်ရင်း အူကြောင်ကြောင် ကျန်ရစ်ခဲ့လေ၏။

●●●

ညီခ တစ်ယောက်ကျတော့ လမ်းမတစ်ခုပေါ် လျှောက်နေရာမှ စာရွက်ခေါက်လေးကို မကြာခဏ ထုတ်ယူ ဖြန့်ကြည့်နေမိသည်။

စာရွက်ပေါ်မှာ ရေးထားတာက နာမည်လေး တစ်လုံးတည်း...

သို့သော် Correction Pen နဲ့ ပြင်ထား ဖျက်ထားရာတွေက ဗရပွ။

"ငါ... ဒီကောင်မလေးကို ရွေးလိုက်တာ မှန်မှ မှန်ပါ့မလား၊ တကယ်ရော ငါ သူ့ကိုချစ်နိုင်ပါ့

www.burmeseclassic.com

www.burmeseclassic.com



မလား၊ အို ဘာပဲဖြစ်ဖြစ် သူရက ဟိုတစ်ယောက်ကို ကြိုက်နေတာ သေချာပါတယ်၊ ဒီတော့ ငါက အနစ်နာခံပြီး ကျန်တဲ့ တစ်ယောက်ကိုပဲ ရွေးရမှာပေါ့"

ဟုလည်း သူ့ပါးစပ်က တီးတိုး ရေရွတ်နေမိ၏။

●●●

ချိန်းထားသော နေရာသို့ ...

လေးယောက် လုံးပင် စော၍ ရောက်လာကြ၏။

သို့သော် လေးယောက် လုံးက သူတို့ကိုယ်သူတို့ နောက်ကျနေသည်ဟု ထင်သည်။ ထို့ကြောင့်ပင် အမြန်ဆန်နိုင်ဆုံး ခြေလှမ်းများဖြင့် လျှောက်လှမ်းလာကြလေ၏။

ချိန်းဆိုထားသော နေရာဆီရောက်တော့ လေးယောက်သားမှာ မောဟိုက်နေကြလေ၏။ ရင်ခွင်က

www.burmeseclassic.com

www.burmeseclassic.com



လည်းအခုန်မြန်လွန်းလှသည်။

ရင်ခုန်မြန်လို့ပဲ မောသလား? သွက်သွက် လျှောက်လာရလို့ မောသလား ? ဘာပဲဖြစ်ဖြစ် သူတို့ တစ်သက်လုံးမှာ ဒီလောက်ပြင်းထန်သော စိတ်ခံစားမှု မျိုးကို တစ်ခါမှ မခံစားဖူးတာဟော့ အသေအချာပဲ ဖြစ်သည်။

တစ်နေရာစီမှ လျှောက်လာကြသော လေးဦး သားသည် ပန်းခြံအလည်တည့်တည့်၌ စုဆုံကြသည့် အခါ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲသလို ဖြစ်ကြလေ၏။

ခေါင်းတွေကို အသီးသီး ငုံ့၍ ကိုယ့်လက်ဝဲ ဘက် လက်များဆီ အသီးသီး ငုံ့ကြည့်မိကြ၏။ လက် ထဲမှာတော့ စာအိတ်လေးတစ်အိတ်စီ။

ထိုစဉ် သံစဉ်က တီးတိုးလေး ပြော၏။

"ဟိုဘက်နားက သစ်မြစ်ဆုံဆီ သွားရအောင်"

သူတို့ရပ်နေရာနှင့် မလှမ်းမကမ်းတွင် လုံးပတ် ခပ်ကြီးကြီး သစ်ပင်တစ်ခုအား လူ၏ခါးလည်ခန့်



အမြင့်မှ ဖြတ်တောက်ထားသည့် သစ်ပင်ငုတ်တိုကြီး တစ်ခုရှိ၏။

အားလုံး ... တိတ်ဆိတ်စွာ ထိုနေရာဆီ လျှောက်သွားကြလေသည်။

ပြီးတော့ တိုးတိတ်ငြိမ်သက်စွာပင် သစ်ငုတ်တို ၏ မျက်နှာပြင် ပြန့်ပြန့်ပေါ် ကိုယ်ယူလာသော စာအိတ် ကလေးတွေ ကိုယ်စီ တင်လိုက်ကြလေ၏။

စာအိတ်လေးခုမှာ တစ်နေရာထဲတွင် စုဆုံ လျက် ...

ထိုစာအိတ်တွေကို ကြည့်ပြီး ဘာလုပ်ရမည် မသိပဲ တဒင်္ဂ ယောင်နန ဖြစ်နေကြသေးသည်။ ခဏ နေမှ ညီခနှင့် သံစဉ်က ပြိုင်တူပြောမိသော စကား တစ်ခွန်းနှင့်အတူ တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်လေ၏။

"စာအိတ်တွေဖွင့်လိုက်ရအောင်လေ"

နှစ်ယောက်လုံး တစ်ခွန်းထဲကို တစ်သံထဲ လိုလို ထွက်ပေါ်လာသဖြင့် ရှက်သွားမိ၏။တစ်ယောက် မျက်နှာ တစ်ယောက်ခိုးကြည့်ပြီး မပီမသလေး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမိကြလေသည်။

ညီခက သံစဥ်ကို ဦးစားပေးသည့် သဘော စာအိတ်ကို ဖွင့်ရန် လက်ညွှန်ပြ၏။

သံစဥ်တစ်ယောက် တုန်ယင်နေသော လက်များဖြင့် စာအိတ်တွေကို ယူလိုက်လေ၏။ ပြီးတော့ သူ့အိတ်သူ အရင်ဆုံး ဖွင့်သည်။

"ဒါက ငါ့စာအိတ်"

စာအိတ်လေးကို ဖွင့်လိုက်တော့ အထဲမှာ ရေးထားတာက "ညီခ"တဲ့ ညီခမျက်နှာ ပြုံးယောင်သန်းသွားသည်။ သို့သော် သူ့အပြုံးက တာရှည်မခံပါ။

သံစဥ်က နောက်တစ်အိတ်ကို ဆက်ဖွင့်ပြန်၏။

ဒါကတော့ ညီခစာအိတ်"

အထဲမှာ ရေးထားတာက "ယမင်း"တဲ့။ အားလုံး မျက်နှာ ညှိုသွားကြသည်။ သံစဥ်က ညီခကို ရေးထားသည်။ ညီခက ယမင်းကို ရေးထား၏။ ကန့်လန့်တွေတော့ ဖြစ်နေလေပြီ။ သို့သော် သူရ



စာအိတ်ကို မဖောက်ရသေး။

ဖောက်ကြည့်လိုက်တော့ သူရကလည်း "ယမင်း"ကိုပင် ရွေးချယ်ထားသည်ကို တွေ့ရပြန်လေသည်။

ကျန်သော စာအိတ်ကို ဆက်ဖောက်ရန်ပင် မလိုတော့။

နဂိုက သူတို့ သဘောတူထားကြတာက နှစ်တွဲ အဆင်ပြေပြေ တွဲမိမှ ရှေ့ဆက်မည်။ နို့မို့ဆို ဇာတ်လမ်းကို ဒီနေရာမှာပဲ ရပ်တန့်မည်ဟု ...

ယခုကျတော့...

ကောင်လေးနှစ်ယောက်လုံးက ကောင်မလေး တစ်ယောက်ထဲကို ရွေးထားတာဆိုတော့ ဘယ်လိုမှ အဆင်မပြေနိုင်တော့။

အားလျော့ လေးကန်သော လက်များဖြင့်ပင် သံစဥ်က နောက်ဆုံးကျန်သည့် ယမင်း၏ စာအိတ်ကို ဖွင့်လိုက်၏။

ညီခ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်းဆို အဆုံးသတ်က ကျိန်းသေသွားခဲ့လေပြီ။ ကောင်မလေး နှစ်ယောက်လုံးက ရွေးချယ်သော ကောင်လေးချင်း တူနေသည်။ ကောင်လေးနှစ်ယောက်လုံးမှာလဲ ကောင်မလေး တစ်ယောက်တည်းကို ရွေးချယ်မိနေကြ၏။

ခုန တက်ကြွမှုဖြင့် မောဟိုက်မိသော ခေါင်းများအားလုံး ပြန်ငုံ့သွားကြသည်။

သူတို့ အားလုံး ရှုံးနိမ့်သွားခဲ့ကြလေပြီ။

ခုလိုဆို လာရာလမ်းအတိုင်း ပြန်ကြဘို့သာ ရှိတော့သည်ပေါ့။

လေးယောက်လုံးမှာ ဆန့်ကျင်ဘက် လေးမျက်နှာဆီသို့ ကိုယ်စီ ကျောခိုင်းခွဲခွာသွားရန် ပြင်ကြလေ၏။

တစ်လှမ်း ... နှစ်လှမ်း ... သုံးလှမ်း ... လေး ငါး၊ ခြောက်လှမ်း

သို့သော် ရှစ်လှမ်းမြောက် ခြေလှမ်းကို မစခင်မှာပင် လူနှစ်ယောက်ဆီမှ အသံများ ခပ်ကျယ်ကျယ် ထွက်ပေါ်လာလေ၏။



"ဟာနေဦး မှားသွားပြီ၊ အဲလိုမဟုတ်ဘူး"

"ဟယ်၊ ငါ မေ့လို့ မေ့လို့"

ညီခနှင့် ယမင်းဆီမှ အသီးသီး ထွက်ပေါ်လာသော စကားသံများကြောင့် လျှောက်လက်စ ခြေလှမ်းများအားလုံး တုံ့ကနဲ ရပ်တန့်သွားကြလေ၏။

ထို့နောက် မတူညီသော အရပ်လေးမျက်နှာသို့ ကိုယ်စီ ကျောခိုင်း ခွဲခွာစပြုနေကြသော လေးယောက်သားမှာ ဆတ်ကနဲ နောက်ပြန်လှည့်၍ သစ်ငုတ်တိုဆီ ဦးတည် ပြန်လျှောက်ကြလေ၏။

လမ်းကြောင်းလေးခု ပြန်စုဆုံကြလေပြီ။

သူရက ညီခကို မေးသည်။

"မင်းဘာမှားသွားပြီလို့ ပြောတာလဲ"

"ငါ တကယ်ရေးချင်တာ ဒီနာမည် မဟုတ်ဘူး၊ တကယ်ရေးထားတာက အထဲမှာ စာရွက်ခေါက်ရဲ့ အထဲမှာ...။ ဒါပေမယ့် သူ့ကို မင်းကြိုက်နေမယ်ထင်လို့ စာရွက်ခေါက်အပြင်မှာ တခြားနာမည်ကို လွှဲ ရေးထားတာ။ ဒီတိုင်း စာအိတ်ကို ဖွင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့ အပေါ်က နာမည်ပဲ တွေ့တာပေါ့"

ယမင်းကလည်း သံစဉ်ကို ပြောပြနေ၏။

"ငါ တကယ်ရေးချင်တာ အဲ့ဒီ တစ်ယောက်မဟုတ်ဘူးဟ၊ ဒါပေမယ့် သူ့ကို နင်ကြိုက်နေမယ်ထင်လို့ လွဲရေးထားတာ ငါ့စာရွက်ရဲ့ ဟိုးအောက်ဘက် ထောင့်လေးမှာ တကယ် ရွေးချင်တဲ့လူရဲ့ နာမည်ကို သေးသေးလေး ရေးထားမိသေးတယ်။

လေးယောက်လုံး ရင်ခုန်သွားလျက်...။

လေးယောက်လုံး စုဆုံရင်း ...။

သူရက စာရွက်ခေါက်တွေ အားလုံးကို သေချာ ဖြန့်ကြည့်လိုက်၏။

ညီခစာရွက်ခေါက်အထဲဘက်မှာ 'သံစဉ်' ဆိုသော နာမည်ကို တွေ့ရသည်။

ယမင်းစာရွက်ခေါက်၏ အောက်ဆုံးထောင့်နားလေးမှာတော့ သူမပြောသည့် အတိုင်း နောက်ထပ် နာမည်တစ်ခု ရေးထားသည်။

'သူရ' တဲ့။



ယခုမှပင် အတွဲက မှန်သွားတော့သည်။

ညီခက သံစဉ်ကို ရွေး၏။ သံစဉ်ကလဲ ညီခကို ရွေးထားသည်။

ယမင်းက သူရ၊ သူရကလည်း... ယမင်း နာမည်ကို ရေးထားလေ၏။

ကောင်လေးတွေချင်း၊ ကောင်မလေးတွေချင်း မှာ ယခုမှပင် ပြုံးကာရယ်ကာဖြင့် အချင်းချင်း ဂရုဏာဒေါသ စကားလေးများ ဆိုဖြစ်ကြတော့သည်။

"အဲ့ဒါများ ခုနထဲက ပြောလိုက်ပြီးရော"

သို့သော် လွဲရေးဖြစ်သည့် ညီခနဲ့ ယမင်းက...

"ရင်တွေ အရမ်းခုန်ပြီး ထူပူနေတာနဲ့ ပြောသင့် မပြောသင့်တောင် မစဉ်းစားနိုင်တော့လို့ပါ"

တဲ့။ ပြီးတော့ စကားသံများ ရုတ်တရက် ရပ်၍ သွားကြလေ၏။

ကိုယ်ဆိုင်ရာအတွဲတွေအလိုက် တောက်ပသော မျက်ဝန်းကလေးများ အကြည့်ချင်းဆုံမိသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီခနဲ့ သံ့စဉ်။

သူရနဲ့ ယမင်း။

အကြည့်လေးတွေ တခဏ် အကြားမှာ ရှက်စနိုးဖြင့် ရယ်သံလေးတွေ ဖွဲ့ယံ ဖွဲ့ယံ ထွက်ပေါ်လာကြလေ၏

ပြီးတော့ ...

ခဏနေတော့ ...

လေးယောက်သား လမ်းခွဲထွက်ကြလေသည်။

ဒီတစ်ခါတော့ တစ်ယောက်တစ်လမ်းဆီ မဟုတ်။

နှစ်ယောက်တစ်တွဲဆီ။ အတွဲနှစ်တွဲ ဦးတည်ရာ ကိုယ်စီ လျှောက်လှမ်းလျက်။

နှစ်တွဲလုံးမှာ ခုမှ အမှန်ရွေးမိသွားကြသော ချစ်သူ အချင်းချင်းအား မျက်စေ့အောက်မှ ပျောက်သွားမှာ စိုးသည့်အလား ကိုယ့်နံဘေးမှ လိုက်ပါလာသူချင်း အပြန်အလှန် မျက်တောင်မခတ်တမ်း ကြည့်လျက်။

ညီခနှင့် သံစဉ်



သူရနဲ့ ယမင်း

တို့မှာ

အချင်းချင်း အပြုံးတို့ ဖလှယ်ရင်း၊ ခြေလှမ်းတို့ ညီညာစွာ လှမ်းပြိုင်ဆက်လျှောက်ရင်း၊ ရင်ခုန်သံချင်းလည်း ထပ်တူညီရင်းဖြင့် ...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

- ဟင်းလင်းပြင်ရဲ့ ရှုနံ့
- သစ်စိမ်းချိုး
- မှားယောင်းခြင်း
- နှင်းဆီရောင်ဂီတ
- လမင်းမျှော်စင်
- လွှမ်းအောင်ညှို့တဲ့ကောင်မလေး
- သကြားခဲလေးလိုအိပ်မက်
- ငပျင်း
- သစ်ရွက်ကဗျာ
- ရည်းစားအားလုံးထဲက နံပါတ်တစ်
- နေလိုလူ ပန်းပွင့်လိုအိပ်မက်
- သိမ်းထားတဲ့ နေ့စွဲများ
- သီချင်းတစ်ပုဒ်၏ ကျိုးပဲ့မယ်လိုဒီ

BURMESE CLASSIC .com



ကိုယ်ဟာ
မင်းကိုတွေ့လိုက်ရတဲ့
ပထမဆုံးစက္ကန့်မှာကတည်းက
ကျဆုံးသွားခဲ့ရသူပါ

သွန်းနေစိုး
လွှမ်းအောင်ညှို့တဲ့ကောင်မလေး
[ လုံးချင်းဝတ္ထုသစ် ]

www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးခြင်းတစ်ဝက်ရယ်

ကြေကွဲခြင်းတစ်ဝက်ရယ်.. နဲ့

မင်းသာ

ကိုယ့်ကိုပိုင်တဲ့

ကိုယ့်ရဲ့ခန္ဓာကိုယ်တစ်စိတ်တစ်ပိုင်းပါ ...



သွန်းနေစိုး

# သကြားခဲဝါးပေးလို့ချိုမြက်

| လုံးချင်းဝတ္ထုသစ် |

BURMESE CLASSIC .com

www.burmeseclassic.com